SAMPLE BOOK

ဖန်ရှေပြည်စာအုပ်တိုက်

အမရပုရ ပထမမြို့နန်း ဖန်ဆင်းတော်မူသော
ဘိုးတော်မင်းတရားကြီးလက်ထက်တော်မှ
ဥက္ကလာပမင်းလက်ထက်တော်အဆုံး
ပေါင်းရုံးမပျက် မင်း ၃ ဆက်တိုင်
မှူးကြီးချုပ် ခန့်အပ်တော်မူခြင်းကိုခံရ၍
မေးတော်မူသမျှသော အချက်တို့ကို အထူးထူးသောကျမ်းတို့ဖြင့်
ဖြေဆိုလျှောက်ထား အပျော်တော်ဆက်သရာဖြစ်သော

ပညာရှိ အမတ်ကြီး


# ဦးပေါ်ဦး လျှောက်ထုံး


## ကဝိသောဓနမှုသာကျမ်း


စီရင်ရေးသားသူ - စာတော်ပြန်ဆရာသိန်း


ဒုတိယတွဲ


mgyoe.com



gyoe.com
ပန်းရွှေပြည်
စာအုပ်တိုက်ထုတ်
သုတ ရသ
စာအုပ်သစ်များ



မြန်မာနိုင်ငံရေးသမိုင်း
ဦးလေးဟောင်





ပန်းရွှေပြည်
ရှေးကဗျာစု











mgyoe.com SAMPLE BOOK


တန်ဖိုး

[illegible] ကျပ်

အုပ်ရေ

၅၀၀ အုပ်

တတိယအကြိမ်

၂၀၁၂ ခုနှစ် နိုဝင်ဘာလ

မျက်နှာဖုံး

ပန်းရွှေပြည်

ထုတ်ဝေသူ

ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးအောင်မြင့်သိန်း (၀၆၃၆၄)၊
အင်ကြင်းမြိုင်ပုံနှိပ်တိုက်၊
အမှတ် ၁၄၇ ဆိပ်ကမ်းသာလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။


mgyoe.com

mgyoe.com SAMPLE BOOK

ပညာရှိအမတ်ကြီး

# ဦးပေါ်ဦးလျှောက်ထုံး

မည်သော

ကဝိသေတ္တာမြန္မာသာကျမ်း

ဒုတိယတွဲ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


* နိဒါန်းကိုပြခြင်း ၁၂

* ပဏာမကိုပြခြင်း ၁၄

ဘိုးတော်မင်း တရားလက်ထက်တင်လျှောက်သော အပိုင်းအခန်း

၁- ဘိုးတော်မင်းတရားအား ယိုးဒယားသို့ ချီတော်မူရန် သင့်, မသင့်ကို အခွင့်နှင့်လျော်စွာ တင်လျှောက်သောအကြောင်း ၁၆

၂- ဘိုးတော်မင်းတရားက အမတ်ကြီးဦးပေါ်ဦးအား 'ဆင်ဖြူတော်ကို ချီးမွမ်း၍ မော်ကွန်းရေးရန်' အမိန့်တော်ရှိသောအကြောင်း ၂၀

၃- ဝန်ထောက်တော် ဦးရွှေလေးနှင့်စပ်လျဉ်း၍ အတွင်းဝန်မင်းဦးပေါ်ဦးက ဘွဲ့အထူး ပေးရခြင်းအကြောင်း ၂၇

၄- 'မဖွေကြမ်းသူခွေတဲ့၊ ထင်းသပြေသား။ သည်ကိန်းကို ဘယ်သူချေပါ့မယ်၊ မင်းစနေသား။ ။'-ဟူသော တဘောင်သီချင်းကို အတွင်းဝန်မင်းဦးပေါ်ဦးသို့ မေးတော်မူသောအကြောင်း ၃၃

၅- ဘိုးတော်မင်းတရားက သိကြားပေါက်အကြောင်းကို မေးရာ ကျေအေးအောင် လျှောက်တင်သောအကြောင်း ၃၆

၆- အတွင်းဝန်မင်းဦးပေါ်ဦးကို ရာထူး ပေးအပ်တော်မူသောအကြောင်း ၃၉

၇- မြင်းစုဝန်ဦးမြတ်ထင်ကို 'ငယ်စဉ်ကပင် ထမ်းရွက်ဖူးသူဖြစ်၍ ကျေးဇူးရှိသည့်အတွက် ချီးမြှောက်ထိုက်ကြောင်း'နှင့် အမတ်ကြီးဦးပေါ်ဦးက သံတော်ဦး တင်သောအကြောင်း ၄၅

၈- အမရပူရမြို့တည် ဘိုးတော်မင်းတရားကြီးက သက္ကရာဇ်ဖြိုဟန်ကို မေးတော်မူ၍ အမတ်ကြီးဦးပေါ်ဦးက စိဋ္ဌမာနုဝတ္တုကို ပုံပြ၍ သံတော်ဦး တင်သောအကြောင်း ၅၀


mgyoe.com

mgyoe.com
SAMPLE BOOK

၉- 'မင်းတို့ သကြဲန်တော် ခေါ်ခြင်း'အကြောင်းကို မေးတော်မူရာ အမတ်ကြီးဦးပေါ်ဦး သံတော်ဦးတင်သော အကြောင်း ၅၄
၁၀- မိုင်းလုံစော်ဘွားက ဆင်ဖြူတော်ရတနာ ဆက်သလာသည်ကို လက္ခဏာစုံ,မစုံမေးတော်မူရာ အမတ်ကြီးဦးပေါ်ဦး သံတော်ဦးတင်သော အကြောင်း ၅၇
၁၁- အမတ်ကြီးဦးပေါ်ဦးကို ဘိုးတော်မင်းတရားကြီးက 'သင်္ဂြိုဟ်ကျမ်းကို ရေးသားပုံ သေချာကြောင်း' မိန့်တော်မူရာ 'သေချာလျှင် နှမြောတတ်ပါသည်'ဟု တင်သောအကြောင်း ၆၅
၁၂- မင်းအိုဆရာတော်ဘုရားကြီး ပျံလွန်တော်မူရာ အမတ်ကြီးဦးပေါ်ဦးအား မင်းတရားကြီးက စက် လုပ်ခိုင်းတော်မူသော အကြောင်း ၆၉
၁၃- တိုင်းရှင်ပြည်ရှင် ဘုရင်ထီးဆောင်းမင်းအပေါင်းတို့ သွန်းလောင်းအပ်သောအဘိသိက်၏ အတိတ်ထုံးစံကို ကျမ်းဂန်အရ လျှောက်တင်ခြင်း ၇၃
၁၄- အမတ်ကြီးဦးပေါ်ဦးအား ဘိုးတော်မင်းတရားက 'ငါ့ထက်ကြောက်ရသောသူများ ရှိသေးသလား'ဟု မေးတော်မူရာ၊ 'ရှိပါသေးသည်'ဟု တင်လျှောက်သော အကြောင်း ၇၆
၁၅- ဘိုးတော်မင်းတရား စန္ဒာမုနိဘုရားကို သွန်းလုပ်တော်မူရာ 'သံဘုရားသာ ကျမ်းဂန်နှင့်ညီကြောင်း' ကို အမတ်ကြီးဦးပေါ်ဦး သံတော်ဦးတင်သောအကြောင်း ၇၉
၁၆- ဘိုးတော်မင်းတရားကြီးသည် အငြိုးအပျင်းမှ ပြေတော်မူစေခြင်းငှာ ရယ်ဖွယ်ရာမေးသည်ကို မနေးတော်လျော်အောင် အပျော်တော်ဆက်သော အကြောင်း ၈၂
၁၇- ဧရာဝတီမြစ်ရေ တိုးတက်သဖြင့် ရေကို ကြိမ်နှင့်ရိုက်၍ အမိန့်တော်ပြန်ရာ ရေ တိုး၍လာသောကြောင့် တော်လျော်စွာ သံတော်ဦး တင်သောအကြောင်း ၈၅

mgyoe.com

mgyoe.com SAMPLE BOOK


၁၈- ဘ၀ရှင် ဘိုးတော်မင်းတရားကြီးအား သခေါ်ရတရား မထင်မြင်သည်ကို ဆင်ခြင်သတိရှိတော်မူရန် အမတ်ကြီး ဦးပေါ်ဦးက သံတော်ဦးတင်သောအကြောင်း ၈၈

၁၉- ဘိုးတော်မင်းတရားကြီးက ဝန်ကြီး၊ အတွင်းဝန်တို့ကို စစ်ကိုင်းသို့ ကရဝိက်ဖောင်တော်နှင့် ဘုရားပင့်ခိုင်းရာ၊ ဖောင်ပျက် ရေနက်သို့ ဘုရားကိုယ်တော် ကျသွားသည်ကို ရွှေနားတော် ကြားသက်သာရန် ကြံဖန် လျှောက်ထား သောအကြောင်း ၉၁

၂၀- မင်းကွန်းစံနန်းတော်တွင် မိဖုရားခေါင်ကြီး နတ်ရွာစံတော်မူရာ မြို့တော်သို့မယူသာအောင် ကြံဆောင် သံတော်ဦး တင်သောအကြောင်း ၉၆

၂၁- မြတ်စွာဘုရား တာဝတိံသာသို့ ၂လှမ်း ၃ဖဝါးနှင့် ကြွသည်ကို ယခုမှ သဘောကျသည် ဟူသောစကားဖြင့် ဝန်ကြီးများ အချုပ်ကလွတ်အောင် ကြံဆောင် သံတော်ဦးတင်သော အကြောင်း ၁၀၃

၂၂- အမတ်ကြီးဦးပေါ်ဦး ဉာဏ်ချွန်၍ ကန်တော်ဝန် အသက်ဘေးမှ လွတ်အောင် ကြံဆောင် သံတော်ဦးတင်သောအကြောင်း ၁၀၆

၂၃- နှစ် စုံဖြစ်၍ သက္ကရာဇ်ပြောင်းခြင်းကို ပြုသော်လည်း ‘ဥတုရာသီ မလိုက်၍ မပြင်ထိုက်’ဟု လျှောက်တင်သော အကြောင်း ၁၁၁

၂၄- ဘိုးတော်မင်းတရားကြီးက အငြိုးတော်ပြေရန် အမတ်ကြီး ဦးပေါ်ဦးသို့ စာဆိုခိုင်းရာ မဲဇာတောင်ချေ ချီသောရတုမှုကို ကူးယူ ဆက်သသောအကြောင်း ၁၁၄

၂၅- နန်းတော်သစ် ရွေးရန်နှင့်စပ်လျဉ်း၍ ဝန်ကြီးဦးပေါ်ဦးသို့ မေးတော်မူရာ ရွေးသင့်ရာသောအကြောင်းကို ထုံးဟောင်း ရာဇဝင်တို့ဖြင့် လျှောက်တင်ဖော်ပြသောအကြောင်း ၁၁၈


mgyoe.com

mgyoe.com SAMPLE BOOK

၂၆- ယိုးဒယားက ပြန်လာရသောအရေးအကြောင်းတွင် 'ခွေး လောင်း ဖြစ်၍ မကြံနိုင်'ဟု သံတော်ဦးတင်သောအကြောင်း ၁၂၆

၂၇- သောက်တော်ရေ ဆက်သောသူသည် ကြိုးကြာဥရေအိုး ကွဲ၍ သံတော်ဦး မတင်ဝံ့သည်ကို အမတ်ကြီးဦးပေါ်ဦး သံတော်ဦး တင်သောအကြောင်း ၁၂၉

×××

## မဟာဝိဇယရံသီစေတီတော်ကြီးဒါယကာ ဘကြီး တော်မင်းတရားကြီး လက်ထက်တော်အခါ တင် လျှောက်သောအပိုင်းအခန်း

၂၈- ဘကြီးတော်မင်းတရားကြီး နန်းသိမ်းမင်္ဂလာ မဟာဘိသိက်ခံ သောနေ့၌ အမတ်ကြီးဦးပေါ်ဦး လျှောက်တင်သော အကြောင်း ၁၃၂

၂၉- အမရပူရ နေပြည်တော်မှ ရတနာပူရ ရွှေအင်းဝသို့ ပြောင်း ရွှေ့၍ စံတော်မူမည်ရှိရာ၊ အမတ်ကြီးဦးပေါ်ဦး သံတော်ဦး တင်သောအကြောင်း ၁၄၁

၃၀- ရတနာပူရ စတုတ္ထမြို့နန်းကို ဖန်ဆင်းတည်ထောင်တော်မူ သော အကြောင်း ၁၄၆

၃၁- ဗိုလ်မှူး ဝန်ကြီးသတိုးမင်းကြီး မဟာမင်းခေါင် ဘွဲ့ရ အမတ်ကြီး ဦးပေါ်ဦးနှင့် အင်္ဂလိပ်ဗိုလ်ချုပ်ကြီးတို့ မဟာမိတ် ဖြစ်ရန်ကို ပြောဆိုကြသောအကြောင်း ၁၄၉

၃၂- ညီတော် သာယာဝတီမင်းက 'သက်လယ်ပင်ရှိရာ၌ ရာဇမတ် ဝိုင်းကာရမည်' အမိန့်တော်ရှိ၍ အမတ်ကြီး ဦးပေါ်ဦး တင်သောအကြောင်း ၁၅၃

၃၃- 'နံ့ဈတော ကတရဿာ' ဟူသော ကစ္စည်းသုတ်ဖြင့် မဟုတ်သော်လည်း အပျော်တော်ဆက် သံတော်ဦးတင်သော အကြောင်း ၁၅၆

mgyoe.com

mgyoe.com SAMPLE BOOK


၃၄- 'အဂတိ ၄ ပါးသို့ မလိုက်စားကြနှင့်'ဟု မင်းတရားကြီးက ဆုံးမတော်မူရာ ညီအစ်မနှစ်ယောက် ဥပမာဖြင့် သံတော်ဦး တင်သောအကြောင်း ၁၅၉

၃၅- ငလျှင်လှုပ်ခြင်း, မိုးကြိုးကျခြင်းများကို လျှောက်ထား သံတော်ဦးတင်သောအကြောင်း ၁၆၂

၃၆- ဘကြီးတော်မင်းတရားကြီးက 'သတ္တဝါအများတို့မှာ အားကိုး အားထားပြု၍ မည်သူ့ကို ကိုးကွယ်ရမည်နည်း'ဟု မေးတော်မူသည်ကို မှတ်ယူနှလုံးထားတော်မူရန် တင် လျှောက်သော အကြောင်း ၁၆၆

၃၇- 'ဆံဖြူသော်လည်း ဉာဏ်ကူမှ ဖြစ်မည်'ဟု သံတော်ဦး တင်သောအကြောင်း ၁၇၀

၃၈- 'စေတီတော်ဘုရားကို အခြားအရပ်သို့ ပြောင်းသင့်, မပြောင်း သင့်' ကို မေးတော်မူသည်တွင် လျှောက်တင်သော အကြောင်း ၁၇၃

၃၉- မဟာဝိဇယရံသီ စေတီတော်ကြီးနှင့်စပ်လျဉ်း၍ အမိန့်တော် ရှိရာ အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သောအကြောင်း ၁၇၈

၄၀- နတ်တို့၏ပုဆိုး တိမ်မီးခိုးအဆင်းကို သာယာဝတီမင်းအား အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သောအကြောင်း ၁၈၄

၄၁- ၄က်ကျွန်း၄က်တောင်အုပ် တရုတ်လူမျိုး သီဟကျော်သူ နေဘ်ရထာနှင့်စပ်လျဉ်း၍ ကပ္ပလီကျွန်းအကြောင်းကို မေးတော်မူရာ အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သော အကြောင်း ၁၈၉

၄၂- ဘကြီးတော်မင်းတရားကြီးအား 'စာဂ ဟူသောတရားကို နှလုံးထားတော်မူရန်' အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင် သောအကြောင်း ၁၉၆


mgyoe.com

mgyoe.com SAMPLE BOOK
၄၃- ဘကြီးတော်မင်းတရားကြီးက 'ယသော်ဓရာ စသော ခီဏာ သ၀ အရိယာမိန်းမတို့ ပရိနိဗ္ဗာန်ပြုသောအခါ ဣတ္ထိလိင်မှ ပုရိသလိင်သို့ပြောင်း၍ ပရိနိဗ္ဗာန် ပြု,မပြု' ကိုမေးတော်မူရာ လျှောက်တင်သောအကြောင်း ၁၉၉
၄၄- ဘကြီးတော်မင်းတရားကြီးအား 'သက္ကာယတရား မပျောက်မူ ဘုရားတည်, ကျောင်းဆောက်နှင့် စိတ် မချရသေး' ဟု စစ်ဆေး နှလုံးသွင်းတော်မူရန် အမတ်ကြီးဦးပေါ်ဦးက သံတော်ဦး တင်သောအကြောင်း ၂၀၂
၄၅- ဘကြီးတော်မင်းတရားကြီးက လိပ်ခဲတင်းလင်းအကြောင်းကို မေးတော်မူရာ၊ ဒုကနိပါတ် ကစ္ဆပဇာတ်ဖြင့် အမတ်ကြီး ဦးပေါ်ဦးက သံတော်ဦးတင်သောအကြောင်း ၂၀၇
၄၆- ဘကြီးတော်မင်းတရားကြီးက ကပ် ၃ ပါး သင့်၍ စုတေကြသော သူတို့၏ လားရာဘ၀ကို မေးတော်မူရာ၊ အမတ်ကြီး ဦးပေါ်ဦးက သံတော်ဦးတင်သောအကြောင်း ၂၁၂
၄၇- ရှင်သီလဝံသပုဂ္ဂိုလ်ကျော် ရေးစပ်တော်မူသော ဧကပိုဒ်ရတု တွင်ပါသည့် 'သရက်နှင့်အိုး ကြွက်နှင့်မိုးသို့' ဟူသောစကား အဓိပ္ပာယ်ကို မေးတော်မူရာ အမတ်ကြီးဦးပေါ်ဦးက သံတော်ဦး တင်သောအကြောင်း ၂၁၇

×××

## လောကမာရ်ဇိန်စူဠာ စေတီတော်ကြီးဒါယကာ ရွှေဘိုမင်းတရားကြီး လက်ထက်တွင် တင်လျှောက်သောအပိုင်းအခန်း

၄၈- ရောင်ခြည်တော်ထွက်ကြွသည်ကို အချက်ကျ အမတ်ကြီး ဦးပေါ်ဦးတို့ သံတော်ဦးတင်သောအကြောင်း ၂၃၅
mgyoe.com

mgyoe.com
SAMPLE BOOK

၄၉- တရုတ်ပြည်က ဆက်သလိုက်သောသေတ္တာတွင် ပါရှိသည့် ပစ္စည်းတွင် အမတ်ကြီးဦးပေါ်ဦး ထုတ်ဖော်ဖြေဆို သံတော်ဦး တင်သောအကြောင်း ၂၃၈

၅၀- ရွှေဘိုမင်းတရားကြီးက အပွနာသမာဓိ၏အကြောင်းကို အမိန့်တော်ရှိရာ၊ အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင် သော အကြောင်း ၂၄၃

၅၁- ရွှေဘိုမင်းတရားကြီးက ဘိုးတော်မင်းတရားကြီး ကုသိုလ်တော် ကြက်ထောင့်ရေကန်ကြီးကို ချီးမွမ်း၍ အမိန့်တော် ရှိရာ၊ အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သော အကြောင်း ၂၄၆

၅၂- မြေပုံခရမ်းသီးကို ရွှေဘိုမင်းတရားကြီးက အမိန့်တော်ရှိရာ၊ မင်း၏ အလိုတော်သို့လိုက်၍ အကြိုက်ကို သံတော်ဦးတင် သောအကြောင်း ၂၄၉

၅၃- အမတ်ကြီးဦးပေါ်ဦးသည် ဆရာတော်ဦးဗုဓ်ကျောင်းသို့ သွား၍ စကားအရှုံးပေးခဲ့ရသောအကြောင်း ၂၅၂

၅၄- အရှင်၏မြားထက် စွယ်ကားကို နီးရာစား ကြောက်ရပါ သည်ဟု အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သော အကြောင်း ၂၅၇

၅၅- ပညာရှိသော်လည်း သေမင်းနိုင်ငံသို့ လိုက်ပါရခြင်းလျှင် အဆုံးရှိသောအကြောင်း ၂၆၀

၅၆- ဥက္ကလာပသို့ထွက်တော်မူသော တပ်တော်အစီအစဉ်အခမ်း အနား စစ်အင်္ဂါ ၄ ပါး အကြောင်း ၂၆၃

၅၇- ခက်ခဲနက်နဲသော ပြဿနာအရာဌာနသို့ရောက်က အားကိုး လောက်သောပညာရှိကို အလိုရှိအပ်သော အကြောင်း ၂၇၅

* ကျမ်းပြီးနိဂုံး ၂၈၄

* နိဂုံးရတု ၂၈၇

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

အနန္တဝိသယ ဉာဏတန်ဆောင် တိုက်လုံးလောင်မျှ အောင်သူတကာတို့၏ဓိပတိ တြိနာထ ဘဝပါရဂူဖြစ်တော်မူသော မြတ်စွာဘုရားသည် ကြွသွားနိဗ္ဗာန် စံလွန်တော်မူသည်မှ ရာဇဂဟာဌာနီ ဝေသာလီ, ပါဋလိပုတ်၊ ဆုတ်ကာဆုတ်ကာ လင်္ကာဒီပ သီဟဠ၊ သထုံ, ရွှေဘုံခေတ္တရာ ပုဂံ, မြင်စိုင်း, စစ်ကိုင်း, ပင်းယ အင်းဝကုန်းဘောင် ဘုန်းရောင်ထွန်းပ ပရံပရရာဇဝင် ဘုရင်ထီးဆောင်း မင်းအပေါင်းတို့တွင် ပြဘင်္ကရာ ထက်ထွန်းလာ၏သို့၊ အာဏာတန်ခိုး လွှမ်းမိုးပုံ့လျှိုင် ရခိုင်, ထားဝယ် ပင်လယ်ပိုင်းခြား ယိုးဒယားပြည် ဝေသာလီမှ၊ 'ကမ္ဘောဇ' ဟူကုန်သော အတိုင်းတိုင်းအပြည်ပြည် ပူရီသနင်း အရာမကသော မင်းတို့၏ ခွန်သွင်းပဏ္ဏာ ဆက်သရာဖြစ်သော အမရပူရရွှေပြည်ကြီးကို အတီရှေးဦး ပကတူးရှေးညွှန် လက်မွန်ပထမ အာဒိကရိုက် ဆောက်စိုက် ထီးဖြူ ပစ္စူမိုးဖြန့် တန်ခိုးကွန့်သော, ဆဒ္ဒန်သခင် ဘဝရှင် ဖြစ်တော်မူသော ဘိုးတော်မင်းတရားကြီးဘုရား လက်ထက် တော်မှ လောကမဏိ စူဠာစေတီတော်ကြီးဒါယကာ ဥက္ကလာပ ဌာနရန်အောင် ကုန်းဘောင် ရွှေဘိုမင်းတရားကြီးလက်ထက်



mgyoe.com

mgyoe.com SAMPLE BOOK

တော်တိုင် ကြံ့ခိုင်မပျက် မင်း၃ဆက်ရောက်အောင် ချီးမြှောက်တံဆိပ် ခပ်နှိပ်ရင့်ကျူး ရာထူးမြင့်ဖြိုး သိရှိမညှိုးသဖြင့် သတိုးမင်းကြီး မဟာသုစမ္မကျော်ထင် ဝန်ရှင်တော် ယောမြို့စားကြီး အမတ်ကြီးဦးပေါ်ဦးသည် အထူးထူးသော အရေးအရာ ကြုံကြိုက်သောအခါတို့၌ စကြာမင်း၏ ပတ္တမြားရတနာတို့ကဲ့သို့ လိုရာပြီးစီးအောင် ရွက်ဆောင်လျှောက်တင်အပ်သော စကားတို့သည် မှတ်သားလေးမူ နာယူပဒေသ နယဂ္ဂါပြုလျက် ကြည့်ရှုနည်းခိုးလောက်သော အရာဌာနဖြစ်၍၊ 'ကဝိသေတ္တုမဥ္ဇူသာ'၌ 'ဆရာကြီး ဦးအောင်' သည် ထုတ်ဆောင်စီမံသည်မှ ကြွင်းကျန်သောစကားတို့ကို ရေးသားတီထွင်စီရင်ပြုလုပ်ပြီးလျှင် 'ဦးပေါ်လျှောက်ထုံး ဒုတိယတွဲကျမ်း'ဟု တင့်ဆန်းဂုဏ်သိရ် မှုန်မမှိန်သား ယုန်ကုန်စန်းရောင် လျှမ်းလျှမ်းပြောင်သဖြင့် ဂုဏ်ရောင်တင့်ဆန်း မြို့ရွှေမန်းတွင် ကြိုင်ကျက်သရေ တက်နေရဝိ ပြဘက်ကဲ့သို့၊ မင်္ဂလာစုံ လွှမ်းခြုံသမိုက် ပိဋကတ်တော်ပြန့်ပွားရေး ပုံနှိပ်တိုက်က သိုက်မြိုက်သေချာ အက္ခရာသတ်ပုံ လုံးစုံမလပ် တည်းဖြတ်တိုင်ဆိုင်ပြီးလျှင် ပြုပြင် ရိုက်နှိပ်ပါသည်။

ပညာဗဟု သုတတရားကို လိုလားနှစ်သက်သူ ဟူသူသမျှ ကလျာဏ အပေါင်းတို့သည် နှစ်ထောင်းအားရ ရွှင်လန်းကြည်ဖြူ ဝယ်ယူမှတ်သား ပညာပွားလျက် စကားအရာ လိမ္မာနည်းလမ်း ဉာဏ်ဆောင်စွမ်း၍ အောင်ပန်းပွင့်ကြပါစေကုန်သတည်း။ ။



mgyoe.com

mgyoe.com SAMPLE BOOK

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရတနတ္တယပဏာမ

'ဗုဓံဃံ နတွာစသာရံ၊ ပုဗ္ဗေ ဝုတ္တာဿာမစ္စဿ။
ဝါကျံ ကရိဿမိ သေသံ၊ သုတိစ္ဆိတာ မာရေန္တုမံ။ ။'

အပဟံ-'မောင်ဘိုးသိန်း'ဟု အုပ်ထိန်းယုယ မိနှင်ဖတို့ ခေါ်ကြသမုတ် အကျွန်ုပ်သည်၊ ဝါ-'ဥပမာသမူဟ ဂီရက္ကမ' မည်ရသမုတ် ကျမ်းစာအုပ်ကို ရေးထုတ် ကောင်းစွာ ပြုပြင်ပါသော ဆရာမောင်ဘိုးသိန်းသည်၊ သာရံ-အနှစ်သာရ ရှိကြသောသူ ဟူဟူသမျှ အနန္တတို့ထက် ဆထက်လွန်ကျူး အထူးသဖြင့် အနှစ်သာရ ရှိတော်မူသော၊ ဗုဓံဃံ-မြတ်ဘုရားနှင့် တရား, သံဃာ ရတနာတစ်ရပ် သုံးဥက္ကဋ္ဌ ကို၊ နတွာ နာမိ-သကမ္မကတ် နမုဓာတ်နှင့် ပရမတ်အရာ စေတနာဖြင့် သဒ္ဒါ ရှိကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။ ပုဗ္ဗေရှေး၌၊ ဝါ-'ကဝိသေတ္တုမဥ္ဇူသာ' သညာ ခတ်နှိပ် တံဆိပ်တင့်ဆန်း လျှောက်ထုံးကျမ်း၌၊ ပုတ္တဿ ဝုတ္တဝစနတော-ဆိုအပ် ပြီးသော စကားမှ၊ ဝါ-ဆရာဦးအောင် ထုတ်ဆောင်ရေးသား ရှေးဆိုအပ်ပြီးသော စကားမှ၊ သေသံ-ကြွင်းသော၊ ဝါ-ရှာကြံအောင်မေ့ ဉာဏ်၌တွေ့၍ ရသရွှေ့သွင်း ကျန်ခဲ့ကြွင်းသော၊ အမစ္စဿ-သတိုးမင်းကြီး မဟာသုဓမ္မ ရာဇကျော်ထင် ဝန်ရှင်တော် ယောမြို့စား အမတ်ကြီးဦးပေါ်ဦး လျှောက်ထုံးကျမ်းကို၊ ဝါ- ၂ကြိမ် မြောက်ကျ ဒုတိယတင်ပြမ်း လျှောက်ထုံးကျမ်းကို ကရိဿာမိ-ရေးသားပြုပြင် စီရင် အားထုတ်ပေအံ့။ သုတိစ္ဆိတာ-သုတလိုလား အမျိုးသားတို့သည်၊ ဝါ- အကြားအမြင် နည်းပုံပြင်ကို ခုံမင်နှစ်မြို့ ပုဂ္ဂိုလ်တို့သည်၊ မံမမ-အကျွန်ုပ်တို့၏၊ သန္တိကာ-အထံမှ၊ ဝါ-ယခုရေးထုတ် ဤစာအုပ်မှ၊ မာရေန္တု-ဆင်ခြင်စေ့ငု ဉာဏ်စက္ခုဖြင့် ဆည်းစုမှတ်သားကြပါစေကုန်သတည်း။

ဤကား ပဏာမဂါထာ၏ အနက်တည်း

ပန်းရွှေပြည်စာအုပ်တိုက်
mgyoe.com

mgyoe.com SAMPLE BOOK

ဤ ဦးပေါ်ဦးလျှောက်ထုံး ဒုတိယတွဲကျမ်း၌ ပြဆိုလတ္တံ့သော စကားအစဉ်မှာ

၁ - အောင်မြေလောက စေတီတော်ဒါယကာ အမရပူရ ပထမမြို့တော် နန်းတည်ဘိုးတော် မင်းတရားကြီးဘုရား လက်ထက်တော်၌ တင်လျှောက်သောအပိုင်းအခန်း။

၂ - မဟာဝိဇယရံသီစေတီတော်ကြီးဒါယကာ ဘကြီးတော်မင်းတရားကြီး လက်ထက်တော်၌ တင်လျှောက်သော အပိုင်းအခန်း။

၃ - လောကမဏိစူဠာ ဇောင်းကလောကနံဦးစေတီတော်ကြီးဒါယကာ ရွှေဘိုမင်းတရားကြီးလက်ထက်တော်၌ တင်လျှောက်သောအပိုင်းအခန်း။

ဤသို့ ၃ ပိုင်း ၃ ဌာနတို့ဖြင့် ပိုင်းခြားစီစဉ်၍ စီရင်ရေးသားပါအံ့။ ထိုသို့ရေးသားရာမှာလည်း အမတ်ကြီးဦးပေါ်ဦး၏စကားကို မှတ်သားသိမြင်သူ ရှင်လူကဝိ ပညာရှိတို့ထံမှ ရှာကြံစုဆောင်း၍ရသော အခြင်းအရာတို့ကို မဟာရာဇဝင်တော်ကြီးနှင့်တိုက်ဆိုင်၍ ခံ့ခိုင်ယုတ္တိ ရှိအံ့ထင်သည်ကိုသာ စီရင်ထည့်သွင်း၍ ရေးသားပါအံ့ ဟူလို။



mgyoe.com

mgyoe.com SAMPLE BOOK

# ဘိုးတော်မင်းတရားလက်ထက် တင်လျှောက်သောအပိုင်းအခန်း

## ၁ - ဘိုးတော်မင်းတရားအား ယိုးဒယားသို့ ချီတော်မူရန် သင့်, မသင့်ကို အခွင့်နှင့်လျော်စွာ တင်လျှောက်သောအကြောင်း

၁-တစ်ရံရောအခါ အမရပူရ ရာဇဌာနီ မင်းနေပြည်ကို ပါရမီအခွင့် သင့် သည့်အတိုင်း ဆင့်လှိုင်းသမ္ဘာ ပထမဒိက သုဘဒ္ဒစုတ်ကြို့က် ဓာတ်သိုက်အညီ တည်ထောင်ဖန်ဆင်းတော်မူသော ဘိုးတော်မင်းတရားကြီးသည် အသီးသီးသော ဝန်ကြီး, အတွင်းဝန်တို့အစုံအလင် ညီလာခံသဘင်တွင် အမိန့်တော်ရှိသည်မှာ ''ဒွါရာဝတီ ပူရိတိုင်းကား ယိုးဒယားခရိုင် နိုင်ငံအားလုံးကို သိမ်းကျုံးရန် ချီတက်မည့်အခါ အယူတော်မင်္ဂလာကို တဘောင်နာ, စနည်းနာခိုင်းရာ၊ 'မချီလျှင် ခေါင်က၊ ချီလျှင် နောင်တ' ကြားနာခဲ့ရကြောင်းနှင့် တင်သော်လည်း အစဉ်အမြဲ လိပ်ခဲတည်းလည်း မှတ်သင့်သောစကားမျိုး မဟုတ်။ 'ဒွါရာဝတီ ဌာနမျိုးခြား ယိုးဒယား မင်းငယ်ကို စိုးရိမ်ဖွယ်'မရှိဟု နှလုံးပိုက်၍ ဗိုလ်ခြေ, ဆင်, မြင်း အားလုံးတို့ ညှိုးချုံးရိန္နမ်း ရိက္ခာပန်းသဖြင့် စိတ်မှန်းတိုင်း အရေးမပြီး ရှိမည် ထင်သည်။ ယတြာကိန်းခန်း လောကီလမ်းကို တတ်စွမ်းလိမ္မာသော ဆရာ



mgyoe.com

mgyoe.com SAMPLE BOOK

ဟူကလည်း အမည်မျှသာ ရှိချေသည်။ အကယ်၍ ခြေခြေမြစ်မြစ် ဖြစ်ဖြစ် မြောက်မြောက် အားကိုးလောက်အောင် ကြံဆောင်ပြည့်သွန်းနိုင်သူ မရှိ။ ယခင် ယိုးဒယားသို့ ချီသွားမည့်အခါ 'အယူတော်မင်္ဂလာ၏သဘောကို ကြံဆောင်ချေ' ဆိုကြခြင်းသည်လည်း အလျဉ်းမသင့် အချည်းနှီးသာ ဖြစ်သည်။ သို့ဖြစ်၍ ယခု 'ငါတို့ ရာဇဌာနီ မြန်မာပြည်၌ ရှိကုန်သော မှူးတော်မတ်တော်တို့သည် ပညာလည်း မဲ့၊ တကယ့်အရေးဟူက မည်သူ့ကိုမျှ အားကိုးစရာ မရှိ' ဟု အလိုမပြည့်သဖြင့် စိတ်တော်၏ဆန္ဒနှင့် ကြံသမျှ မပြီးသည်ကို ညည်းညူ အမိန့်တော်ရှိတော်မူ၏။

ထိုအခါ အပါးတော်၌ ခစားလျက်ရှိသော ဦးပေါ်ဦးက သံတော်ဦးတင် သည်မှာ

"အရှင်ဘုရား။ ရွှေဘုန်းတော်ကျွန် ဝန်ပေါ်ဦး သံတော်ဦး တင်ပါသည် ဘုရား။ သောင်း ၄ ရပ် အဝင်အပါ ဤမဟာဇမ္ဗူဒိပ်ကို နိမိတ်အားလျော်စွာ 'လက်ယာတောင်ကျွန်း' ဟု ခေါ်ပါသည်။ အဘယ်ကဲ့သို့ နိမိတ် အတိတ်တစ်ခု ရှိပါသနည်း ဟူမူ ဤဇမ္ဗူဒိပ်ကျွန်း၌ ဖြစ်ထွန်းပေါက်ရောက်သော သစ်ပင်အမျိုး မျိုးတွင် 'ဝလ္လိယ' ဟူသောအနွယ်မျိုးတို့၌ အားကိုးမှီတွယ်သောသစ်ပင်တို့ ရစ်ပတ်၍တက်သောအခါ လက်ယာရစ်၍သာ တက်မြဲ ဖြစ်ပါသည်။ အနွယ်ကို အနွယ်ချင်း ရစ်ပတ်၍ တက်သောအခါလည်း လက်ယာရစ်၍သာပင် တက်မြဲ ဖြစ်ပါသည်။ 'လက်ဝဲရစ်သည်' ဟူ၍ မရှိပါ။ အကြင်သစ်ပင်သည် လက်ယာရစ် မတက်မူ၍ လက်ဝဲရစ်တက်သည် ဖြစ်အံ့။ ထိုသစ်ပင်ကို ယူငင်ထောင်းထု ပယောဂဆေးပြု၍ ကုသလျှင် ဆိုင်ရာဖြစ်သောရောဂါ၌ လွန်စွာကောင်းကြောင်းကို ကျမ်းပေါင်းများစွာ၌ လာရှိသည်တစ်ချက် မျက်မြင်မုချ ဒိဋ္ဌကေန် အမှန် တွေ့ရှိ သဖြင့် သိရပါသည်။ သို့ဖြစ်၍ ဤဇမ္ဗူဒီပါလက်ယာတောင်ကျွန်းသည် နိမိတ်သြဘာ ထွန်းသောကျွန်း ဖြစ်သည့်အလိုက် ကြုံကြိုက်ပေါ်ပေါက်လာသော အယူတော်မင်္ဂလာ တင်လျှောက်ချက် နိမိတ်သြဘာစကား တဘောင်များကို ပယ်ရှား ချီတက်တော်မူသောကြောင့် ဗိုလ်လူ၊ ဆင်၊ မြင်း အလုံးအရင်းတို့ ပင်ပန်းခြင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"အကြောင်းတစ်ချက်မှာလည်း အထက် ရတနာပူရ ပြည်အင်းဝ၌ ဘုရားဘေးလောင်းတော်မင်းခေါင်ကြီးသည် 'ရာဇဓိရာဇ်ဘွဲ့'ခံ ဟံသာဝတီပြည့်ရှင်မင်းနှင့် အခင်းအရေးဖြစ်ပွားစဉ်အခါ သားတော် မင်းရဲကျော်စွာသည် စစ်၏နိမိတ် အရိပ်တံခွန်ကို ကျေပွန်လိမ္မာသော ဗိုလ်မှူးတပ်မင်းတို့ တင်လျှောက်ချက်ကို နှစ်သက်ခြင်းမပြု ဂရုမထူ မင်းမာနကြောင့် ရန်သူလက်တွင် အရေးပျက်ရဖူးပါသည်။

"တစ်ကြောင်းမှာလည်း အရိမဒ္ဒနာ ပုဂံပြည့်ရှင် ဘုရင်မင်းကောင်းဘေးလောင်းတော်ဖြစ်သော အနုရုဒ္ဓါမင်းမြတ်သည် ရထားစီး၍ နန်းတော်မှ ထွက်တော် မူရာ ရထားဦးမှ ထူးဆန်းအံ့ဩဖွယ် ကျယ်လောင်ပြင်းပြသောအသံဖြင့် ဆူညံမစဲ မြေကြီးထဲမှ ရင်ကွဲမတတ် ဟစ်ကြွေးမြည်တမ်းသောအသံကို ကြား၍ ထင်ရှားသိသာရန် မေးတော်မူရာ၊ ပညာပဏ္ဍိတ် ပုရောဟိတ် ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့က 'ဖားဖိုသေ၍ ဖားမ ငိုသောအသံ ဖြစ်ကြောင်း' နှင့်တင်သောကြောင့်၊ ဘုရင်မင်းမြတ် သိလို၍ မြေကို အတူးခိုင်းလျှင် လျှောက်တင်သည့်အတိုင်း အမှန်တွေ့ပါသည်။

ထိုအခါ စကြာမင်းကောင်း ဘေးလောင်းတော်မင်းတရားသည် ဖား၏နိမိတ်ကို သိလို၍ "ပညာရှိတို့ကို အဘယ်ကဲ့သို့ ဖြစ်တတ်သနည်း" ဟု မေးတော်မူရာ၊ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့က "ထိုဖား၏နိမိတ် အနိဋ္ဌဖြစ်သောအသံကို ကြားသဖြင့် မင်းတရား ထွက်တော်မမူပါလင့်။ အကယ်ယခု ထွက်တော်မူခြင်းကို ပြုသည်ဖြစ်အံ့။ စင်စစ် ပျက်စီးတတ်ကြောင်းနှင့် လောကီကျမ်းဟောင်းများတွင် အဆိုရှိပါသည်" ဟု သံတော်ဦးတင်လျှင်၊ ဘုရင်မင်းမြတ် အယူတော်မရှိဘဲ မိမိ၏ ဘုန်းလက်ရုံးကိုအားကိုးလျက် တိုး၍ ထွက်သော်မူသောကြောင့် ကျွဲဖြူခတ်၍ ကိုးခရိုင်အရပ်၌ ပျက်စီးဟန်ကို ကျမ်းဂန်ရာဇဝင် အထင်အရှား ရှိပါသည်။

"သို့ဖြစ်၍ ရှေးသိ နောက်မြင် ပညာရှင်တို့၏ စကားကို ပယ်ရှားတော်မမူပါလျှင် အခါအခွင့် သင့် လျော်သောကာလ ဘုရားအလောင်း မဟာဇနကမင်းသည် ကောင်းစားခြင်း အချိန်တန်သဖြင့် နန်းစံ ပေါလဇနက်မင်းကြီး



mgyoe.com

mgyoe.com SAMPLE BOOK
ပျက်စီးရသည့်အလား မင်းတရား ရွှေဘုန်းတော်ကံ အချိန်တန်က သာမန်အားနှင့် ယိုးဒယား ပျက်စီးရပါလိမ့်မည်။ ၎င်း ဇနကဇာတ်တော်မှာပင် 'အစိန္တိထမ္ဘိ-မကြံစည်သော်လည်း၊ ဘဝတိ-ဖြစ်တတ်၏။ စိန္တိထမ္ဘိ-ကြံစည်သော်လည်း၊ ဝိနဿတိ-ပျက်စီးတတ်၏။' ဟူ၍ ဟောတော်မူသောကြောင့် အကြံယူခြင်းသည် ပဓာနမဟုတ်။ သမ္ဘာတော်သည်သာ အရင်းခံ ဖြစ်ပါသည်။

"တစ်ကြောင်းမှာလည်း စစ်တို့၏သဘောသည် စွမ်းပကားနှင့် အင်အားကြီးသည် ဟူ၍ မကိုးစားသာ။ ရေနေ၊ မြေနေ တပ်ခြေခိုင်လုံ ဗိုလ်ပုံရိက္ခာ ပြည့်စုံသည်သာ ပဓာန ဖြစ်ပါသည်။ ဟံသာဝတီ ဆင်ဖြူရှင်သားတော် 'ဗညားနွဲ့ ခေါ်သူ ရာဇာဓိရာဇ်သည် ဥက္ကလာပသို့ထွက်ရာ နည်းစွာသောခွန်အားနှင့်ပင် ဖြစ်သော်လည်း ရှေးသိနှောင်မြင် ပညာရှင်ဖြစ်သော ဇရွဲကနံ့လူထွက်နှင့် 'သခင်မင်းကန်စီ' ခေါ် အမတ်တို့စကားကို မှတ်သားနာယူသောကြောင့် 'သာမဥပါယ်, ဘေဒဥပါယ်, ဒဏ္ဍဥပါယ်, ဒါနဥပါယ်' ဟုဆိုအပ်သော ဥပါယ် ၄ ပါးတို့ဖြင့်ပင်လျှင် မရေမတွက်နိုင်သော စစ်သည်ဗိုလ်ခြေနှင့်ပြည့်စုံသော ဟံသာဝတီပြည်ကြီးကို ခရီးထွင်ရောက် အလိုတော် ပြီးမြောက်ပါသည်။ သို့ဖြစ်ပါသောကြောင့် ဘဝရှင် မင်းတရားကြီးကဲ့သို့သော၊ ဘုရားဆုပန် မင်းကောင်း ဘုရားအလောင်း မဟာဇနက မင်းကဲ့သို့ လက်ငင်းအရေး ပြီးပါလိမ့်မည့်အကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုး သံတော်ဦး တင်ပါသည်ဘုရား" ဟု အမတ်ကြီး ဦးပေါ်ဦးက တင်လျှင် ဘဝရှင်မင်းတရားကြီးဘုရားသည် အားရ နှစ်သက်တော်မူသဖြင့် အမတ်ကြီး ဦးပေါ်ဦးသို့ ကျောက်နီတင်လက်စွပ် တစ်ကွင်း၊ ငွေကောင်း ၃ ပိဿာများကို ဆု ပေးသနားတော်မူသည်။

အယူတော် မင်္ဂလာကိုလည်း "မောင်မင်းတင်လျှက်နှင့် ငါ မနှစ်သက်၍သာ ရှိရချေသည်။ အယူတော်မင်္ဂလာ တင်သောတဘောင် မှန်ပေသည်"ဟု အမိန့်တော်ရှိ၍ အမတ်ကြီး ဦးပေါ်ဦးနှင့် ဆုတူထား၍ ပေးသနားတော် မူလိုက်၏။

❖ ❖ ❖


mgyoe.com

mgyoe.com SAMPLE BOOK

## ၂- ဘိုးတော်မင်းတရားက အမတ်ကြီးဦးပေါ်ဦးအား 'ဆင်ဖြူတော်ကို ချီးမွမ်း၍ မော်ကွန်းရေးရန်' အမိန့်တော်ရှိသော အကြောင်း

ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးသည် သက္ကရာဇ် ၁၁၆၈ ခုနှစ် 'ဟံသာဝတီ' မည်သော ပဲခူးမြို့တောင် နိဗ္ဗာန်ရွာမှဆက်သလာသော ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းပိုက်လက်ခံတော်မူ၍၊ ဆင်ဖြူတော်တန်ဆောင်းနှင့်တကွ ကောင်းမွန်ခမ်းနား ဆန်းပြားကြီးကျယ်သော မင်းခမ်းတော်ဝင် အစဉ်အတိုင်းဖြစ်သော မင်္ဂလာစကား၊ မင်္ဂလာရတုများကို ဖတ်ကြားလျှောက်ဆိုပြီးလျှင်၊ ဘုရင်မင်းမြတ် မိန့်တော်ရှိသည်မှာ

''မောင်မင်းများ။ ပြည်ဘုရင်သတိုးစော၏ 'ရွှေဆင်းတု'ဟူသော ဆင်တော်မော်ကွန်းကို မင်းနဝဒေး ရေးသားစီရင် ဆက်သွင်းသည်။ မိထိလာကန်ရောက် ဝရသေတဂီရိဆင်တော်ကို မဟာစည်သူ စာဆို ဆက်သွင်းရသည်။ ရွှေစာတိုင် ဆင်တော်ရတနာ၊ ပြောင်မွန်ဆင်တော်တို့ကိုလည်း အသီးသီး စာဆို ဆက်သွင်းကြ၍ ပြီးပြီး ဖြစ်သည်။ ယခုဆက်သရောက်ရှိသော ငါ၏ နိဗ္ဗာန်


mgyoe.com

mgyoe.com SAMPLE BOOK

နပစ္စယနာဂရာဇာ ဆင်မင်း၏မော်ကွန်းကို ချီးမွမ်းရေးသား၍ မဆက်သွင်းကြသေး ဖြစ်သည်။ ဆင်မင်းဘွဲ့မော်ကွန်းကို ချီးမွမ်းရေးသား ဆက်သွင်းကြရမည်'' ဟု အမိန့်တော်မှတ်သဖြင့် အရပ်ရပ်သော ရဟန်းပညာရှိ၊ လူပညာရှိအများတို့သည် ရေးသားဆက်သွင်းကြသော်လည်း၊ အတွင်းဝန် ဦးပေါ်ဦးကား ရေးသားဆက်သွင်းခြင်း မပြု။ လျစ်လျူရှုလျက်ရှိနေလေ၏။

ထိုအခါ ဘိုးတော်မင်းတရား က မိန့်ကြားတော် မူပြန်သည်မှာ-

'ယခု ငါ၏ဆင်တော်မော်ကွန်းကို ချီးမွမ်းပြီးလျှင် အသီးသီး စာဆိုဆက်သွင်းကြသည်။ အတွင်းဝန်ပေါ်ဦးမှာ မောင်မင်း ဘယ်အတွက်ကြောင့် မရေးဆက်ဘဲ နေသနည်း။'' ဟု မေးတော်မူရာ၊

အမတ်ကြီးဦးပေါ်ဦးက တင်လျှောက်ပြန်သည်မှာ-''အရှင်။ ယခုရတော်မူသော နိဗ္ဗာနပစ္စယ နာဂရာဇာဆင်မင်းသည် ဆင်မည်ကာမျှသာ သာမည မဟုတ်ပါ။ ဘုန်းသမ္ဘာရှိသော အရှင်မင်းသား စီးနင်းခြင်းငှာ ထိုက်တန်ရာသော ရတနာဆင်တော်အမှန် ဆဒ္ဒန်မျိုးအစစ် ဖြစ်ပါသည်ဘုရား။ အလောင်းမင်းကောင်းမင်းမြတ်ဖြစ်တော်မူသော ဝေဿန္တရာမင်းကြီး၏ဘုန်းကံကြောင့် အရန်သင့်ရောက်လာရသော ဆင်ဖြူတော်ရတနာကို အဘယ် ပညာရှိပုဂ္ဂိုလ်မှ စာဆို၍ ဆက်ကြောင်းကို ကျမ်းဂန် မလာရှိပါ။ တစ်စုံတစ်ယောက်သောပညာရှိတို့ ဆက်သွင်းသည်မှန်က ဧကန်ထိုစာ ရှိသင့်ပါသေးသည်။ ကမ္ဘာပျက်၍ ဆက်သသောမော်ကွန်းသည် မီးကျွမ်းလောင်မြိုက်သည် ဆိုရမှာလည်း ဝေဿန္တရာသည် ဤကမ္ဘာအတွင်းမှာပင် ဖြစ်တော်မူသောကြောင့် ယူဆစဉ်းစားဖို့ မရှိ။ ပကတိမူလ ပထမကဇာတိဂေါတ္တ ဆဒ္ဒန္တအမျိုး တန်ခိုးအသရေနှင့် ပြည့်စုံခြင်းသည်သာ ပဓာနဖြစ်ပါသည်။ ဥပမာကို ဆိုသည်ရှိသော် 'ရွှေဇမ္ဗူရုမ်၊ မှန်တုံသစ်လည်း၊ ပြိန်းညစ်ပန်းထိမ်၊ ပညာသိမ်က၊ ရောင်မှိန်ခိုးညှိ၊ ဖြစ်လတ္တံ့တည့်' ဟူသကဲ့သို့၊ ယခု အရှင့်ဘုန်းကံကြောင့် အရန်သင့်ရတော်မူသော ဆဒ္ဒန်ဆင်မင်းကို ဘယ်သူပင် စာဆိုသော်လည်း ဆင်တော်မှာ ဂုဏ်ပျက်၍ စာဆက်ကျိုး မနပ်။ မီအောင်စပ်ဆိုနိုင်ကြမည် မဟုတ်ပါ။


mgyoe.com

mgyoe.com SAMPLE BOOK

"တစ်ကြောင်းမှာလည်း ဘဝရှင်မင်းတရားကြီးတူတော် ငစဥ့်ကူးမင်း လက်ထက်တော်အခါက 'ရွှေမင်းဘုန်း'ဆင်တော်၏အတွက် ရေးစပ်သော မင်းကွန်းကိုမီအောင် ကြံဆောင်ရေးသား နိုင်မည့်သူလည်း မမြင်ပါ။ သို့ဖြစ်ပါသောကြောင့် ဆင်တော်ကောင်းလျက် စာဆိုဖျက်သဖြင့် ဆင်ပျက်ရန်မြင်သောကြောင့် ဘုရားကျွန်တော် ဝန်ငပေါ်ဦး အထူးစာဆို၍ မဆက်ပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား" ဟု လျှောက်ထားသံတော်ဦးတင်လျှင်၊

ဘဝရှင်ဘိုးတော်မင်းတရားက မိန့်ကြားတော် မူပြန်သည်မှာ

"ပေါ်ဦး။ ထိုရွှေမင်းဘုန်း ဆင်တော်ဘွဲ့မော်ကွန်းသည် အဘယ်ကဲ့သို့ စပ်ဆိုသနည်း။ မောင်မင်းထင်သည့်အတိုင်း စာရေသားကောင်းဟန်ကို အမှန်သိလိုတော်မူသည်။ တင်လျှောက်ဦးလော့" ဟု အမိန့်တော်ရှိပြန်၍၊ အမတ်ကြီးဦးပေါ်ဦးက သီကျူးရွတ်ဆို၍ သံတော်ဦးတင်သည်မှာ 'ကြားလော့ ဗိုလ်လူ၊ မော်ကွန်းထူသဝိမ့်' ဟု ပထမအပိုဒ်အစချီသော ရွှေမင်းဘုန်း ဆင်တော်ဘွဲ့ မော်ကွန်းတွင် ဧကဝီသပဒ ၂၁ ပိုဒ် အကျဥ်း–

"တင်ပြီးလက်အုပ်၊ ဆယ်ချောင်းရုပ်၍၊ ကျွန်ုပ်တို့ကျွန်၊ ရှေးလွန်ပုံပြင်၊ ရာဇဝင်ကို၊ မမြင်မတွေ့ဖူးပါ။ တစ်ကြောင်းမှာကား၊ ဝိဇယာပူရ၊ ဆင်ဖြူရှင်နှင့်၊ ယုဟယုဝါ၊ ပန်းယာရွှေပြည်၊ ယမန်တည်ကို၊ ဖွေနည်စေ့ရေ၊ ထောက်ရှုချေသော်၊ သရေခေတ္တ၊ လက်ဦးစက၊ မစတည်ထောင်၊ ဒွတ္တဘောင်နှင့်၊ သည့်နောက်တလတ်၊ အရိမဒ္ဒဝယ်၊ နေနတ်မင်းကြီး၊ ပြူစောထီးမှ၊ မသီးနွယ်တော်၊ ကျွန်းခွင်ကျော်သား၊ အနော်ရထာ၊ ဥပါမင်းခွေး၊ တရုတ်ပြေးဟု၊ ရပ်ဝေးသုခုံ၊ တိကုံမကြွင်း၊ ဝါယုမင်းကို၊ သတင်းမျှသာ၊ ကြားဖူးပါသည်။ ယုတ္တာယုတ္တိ၊ ဆင်ခြင်ညှိမူ၊ ဝိစိကိစ္ဆာ၊ ရှိဖွယ်သာတည့်။ ထုံးရာဇဝင်၊ ရှင်ဦထင်သည့်၊ ဆင်ခြင်ကြံရေး၊ ကာလဝေး၏။ ပုံသွေးနှိုင်းထောက်၊ မြင်းမိုရ်ညှောက်ငယ်၊ ဖြိုးမောက်မြင့်ဝှန်၊ ရောဝဏ်လည်း၊ ကျန်းဂန်ထင်ထင်၊ လာသည်ပင်ရှင့်။ ဆင်လည်းမစစ်၊ နတ်သားဖြစ်၍၊ မနှစ်သက်ဖွယ်၊ အိပ်မက်နှယ်တည့်။ ပြိုင်ဖွယ်ဖက်ကင်း၊ မြန်ဘောင်ချင်းတွင်၊


mgyoe.com

mgyoe.com SAMPLE BOOK

ငုံးမင်းတောအုပ်၊ ယုန်ရုပ်လတွင်း၊ မျောက်မင်းရေယူ၊ ကျူနှင့်ရွှေအိမ်၊ တန်ခိုးသိမ်လျက်၊ မတိမ်မှေးပေါ်၊ အုံ့ချီးလော်တွင်၊ ဆင်တော်တစ်ရပ်၊ သမိုင်းထပ်သည့်၊ ကပ္ပဋ္ဌိတိ ငါးဦးတည်း ဟူ၍ စပ်ဆိုကြောင်း 'ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား'' ဟု လျှောက်လျှင်၊ ဘဝရှင်မင်းတရားကြီးသည် လွန်စွာ အားရနှစ်သက်တော်မူသဖြင့် အမိန့်တော်ရှိပြန်သည်မှာ-

''ပေါ်ဦး။ မောင်မင်းသည် ၄င်းရွှေမင်းဘုန်း ဆင်တော်ဘွဲ့မော်ကွန်းကို မီအောင် စာဆိုနိုင်ဟန် မရှိ ငါထင်သည်'' ဟု မိန့်တော်မူရာ၊ အမတ်ကြီး ဦးပေါ်ဦးက ထပ်၍တစ်ဖန် လျှောက်ပြန်သည်မှာ-

''ဘုန်းတော်ကြောင့် စာဆိုရမည် မခက်ပါ။ ဆင်တော်ချင်း နှိုင်းစာလျှင် လွန်စွာ ကွာခြားပါလျက်နှင့် စာဆိုချက်မတူသောကြောင့် ဆင်ဖြူတော်ပျက်ဖွယ်ရာသောအကြောင်းကို ထောက်ညှာလျက် စာဆို၍ မဆက်သွင်းပါသည်။ ဘဝရှင်မင်းတရားကြီးဘုရားသည် အကယ်တစ်မူ ဆင်ဖြူတော် အပျက်ခံနိုင်ပါလျှင် ဘုရာကျွန်တော် ဝန်ပေါ်ဦးလည်း စာဆို ဆက်သွင်းဝံပါကြောင်း'' နှင့် လျှောက်ထားသံတော်ဦးတင်ရာ၊

ဘဝရှင်မင်းတရားကြီးသည် ကြည်ရွှင်သော မျက်နှာနှင့် ပြုံးတော်မူပြီးလျှင်

''ပေါ်ဦး။ တစ်ပါးသောမှူးမတ် ပညာတတ်သော ပုဂ္ဂိုလ်တို့သည် စာဆိုဝံ့ပါလျက်နှင့် မောင်မင်းမှာ ရွှေမင်းဘုန်း ဆင်တော်ဘွဲ့ မော်ကွန်းကိုလန့်၍ စာ မဆိုဝံ့သည်တကားဟု သူတစ်ပါးတို့ ကဲ့ရဲ့မည်ကို မစိုးလော'' ဟု မေးတော်မူပြန်ရာ၊

အမတ်ကြီးဦးပေါ်ဦးက ''ယခု ဘဝရှင်မင်းတရားကြီး ဘုန်းကံကြောင့် အရန်သင့်ရောက်လာရသော 'နိဗ္ဗာနပစ္စယာဂရာဇာ' ရွှေဘွဲ့သာသော ဆဒ္ဒန်ဆင်မင်းကို စာဆိုဝံ့သောမှူးမတ်တို့ထက် ရဲစွမ်းသတ္တိရှိသဖြင့် ချီးမွမ်းသင့်သောသူများ ရှိပါသေးသည်၊ အဘယ်သူများနည်း ဟုဆိုသော် မြတ်စွာဘုရားနှင့်တကွသော အရိယာရဟန်း သံဃာတော်တို့ကို ကဲ့ရဲ့ပြစ်တင်ပြု၍ ဆဲရေးရှုတ်ချသော မာဂဏ္ဍီ



mgyoe.com

mgyoe.com SAMPLE BOOK

မိဖုရား၊ မြတ်စွာဘုရားကို ပြစ်မှားကျူးလွန်သော ဒေဝဒတ်တို့သည် ယခု ဆင်မင်းကိုစာဆိုသော မှူးမတ်တို့ထက် ချီးမွမ်းဖွယ် ကောင်းပါသေးသည် ဘုရား'' ဟု လျှောက်ထား သံတော်ဦးတင်၏။

ထိုအခါ ဘဝရှင်ဘိုးတော် မင်းတရားကြီးနှင့် တကွသော မင်းပရိသတ် အားလုံးတို့သည် ခြိမ့်အုန်းသဲသဲ ရယ်မော ကြကုန်၏။

နောက်တစ်ဖန် မေးတော်မူပြန်သည်မှာ-

''ပေါ်ဦး။ ငါ မြင်မက်တော်မူသောအိပ်မက်ကို အယူတော်မင်္ဂလာ နိမိတ်ကောက်၍ ဖတ်လျှောက်ရာ 'သမီးကညာ ၄ ယောက်ပြည့်အောင် အဆက် အသ ခံရပါလိမ့်မည်'ဟူသော စကားနှင့် အညီ ဝေသာလီပြည်ကချည်းပင်လျှင် သမီးကညာ ၄ ယောက် ပြည့်မြောက်အောင် ဆက်သရသည်။ 'ဆင်ဖြူ ၂ စီး လာမည်' ဆိုရာ၌လည်း လာရောက်ပေသည်။ 'သရီရဓာတ် မွေတော်မြတ်ကို ပူဇော်ကိုးကွယ် ရလိမ့်မည်' ဖတ်ရာတွင်လည်း လင်္ကာ ဒီပသီဟိုဠ်မှ ကြွရောက် တော်မူလာ၍ ကောင်းမွန်စွာ ကိုးကွယ်ရပေသည်။ ဤသို့ တစ်သဝေမကျန် မှန်စွာဖတ်လျှောက်နိုင်ခြင်းသည် အယူတော်မင်္ဂလာ၌ များစွာ အံ့ဩဖွယ်ရာ ကောင်းသည် မဟုတ်လော''ဟု မိန့်တော်မူရာ၊

အမတ်ကြီး ဦးပေါ်ဦးက တင်လျှောက်သည်မှာ ''ဘုန်းတော်ကြောင့် အယူတော်မင်္ဂလာ၏ တင်လျှောက်ခြင်းအရေးမှာ ဆုတော်ပေး နည်းအံ့ ထင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထို အိပ်မက်နိမိတ်ကို ထောက်၍ ကောက်ယူရခြင်း ဟူသောအရာမျိုးသည် ကောင်းကျိုးမင်္ဂလာရှိသည်ကို ကောက်ယူမှ အကောင်း ဖြစ်ပါသည်။ မကောင်းသည်ကို ကောက်ယူက မက်သူတွင်မက ကြံဆကောက်ယူသော သူ၌လည်း ထိခိုက်ရန်ရှာတတ်ပါသည်။ အရိမဒ္ဒနာပေါက္ကံပြည်တွင် သက္ကရာဇ် ၂၆၈ ခုနှစ် မင်း ဖြစ်တော်မူသော စလေမင်းခွေးကို ထောက်တွေးစာနာ သင့်ပါသည်။ လျှောက်တင်ရန်အချက်မှာ အထက်က သိန်းခွန်ညီအစ်ကိုတို့ မျက်ညိုစစ်ထိုးကြရာ ညီ၏ဘက်က ရှုံးချေ၍၊



mgyoe.com

mgyoe.com SAMPLE BOOK

စလေမှာ ပုန်းလျှိုး၍ နေရလေ၏။ ၎င်း သိန်းခွန်ညီအစ်ကိုတို့မြေး စလေငခွေးကို မွေးသည့်မိခင်, မွေးဖခင်တို့က သူကြွယ်အိမ်တွင် ရောင်းလေ၏။ ထိုစလေငခွေး၏ အလှေကား တစ်နေ့ ၃ ခါ ဆံကိုဖြီး၏။ ဝတ်ကောင်းစားကောင်း, နံ့သာပျောင်း စသည်ကို ကြိုက်၏။

အခါတစ်ပါးလည်း သူကြွယ်က စလေငခွေးကို လှေ ပေးအပ်နှံ၍ ပေါက္ကံသို့ လှေထိုးခိုင်းရာ အရိမဒ္ဒနာ ပေါက္ကံပြည်သို့ မရောက်မီ စခန်း လမ်းတွင် တစ်ညအိပ်ရာ ရှည်လျားစွာသောအူသည် သူ၏ချက်မှ ဖောက်ထွက်ပြီးကာ အရိမဒ္ဒနာ ပေါက္ကံမြို့ကို ရစ်ပတ်၍နေသည်ဟု အိပ်မက် မြင်လေသတည်း။ မိုးသောက်ချေ၍ လှေကိုဆန်သွားလျှင်၊ ထိုးဝါးသည် မနောလင်ပန်း နှုတ်ခမ်းကို ထောက်မိ၍ ထိုးဝါး၌ ငြိပြီးလျှင် ပါလာသည်ကို၊ မိမိဉာဏ်တွင် စဉ်းစားသည်မှာ 'ငါ၏အိပ်မက်မျိုးသည် အကျိုး ထူးပေသော်လည်း မနောလင်ပန်းကလေးမျှနှင့် ကျေမည်'ဟု တွေးတော၍၊ မနောလင်ပန်းကို ထိုးဝါးမှ ခါ၍ချခဲ့၏။

''ပေါက္ကံမြို့သို့ ရောက်သောအခါ ဆရာပုရောဟိတ်ပုဏ္ဏားအိမ်သို့ အတိမ်အနက်အိပ်မက်သဘောကို မေးမည်သွားသော် ပုဏ္ဏား မရှိခိုက်ဖြစ်၍ အိမ်၌ တွေ့ရှိသော ပုဏ္ဏေးမအား အိပ်မက်၏အကြောင်းများကို ပြန်ကြားပြောဆိုလျှင်၊ 'သင်၏အိပ်မက်သည် အသက်ရှည်ခြင်း၊ ဘုန်းကြီးခြင်း ဖြစ်မည် မုချ' ဟု သာမညအားဖြင့် ပြောသောကြောင့် သဘောမကျသေးသဖြင့် ပုဏ္ဏေးမအိမ်မှ ထွက်သွားလေ၏။ သွားလျှင်သွားချင်း လင်ရင်းဖြစ်သူပုဏ္ဏား ရောက်လာ၍ အကြောင်းအရာ အဖြစ်အပျက် အိပ်မက်၏ နိမိတ်ပုံနှင့်တကွ အားလုံးစုံပြန်ပြောရာ ပုရောဟိတ်ပုဏ္ဏားသည် မယား၏ ဆံထုံးကို ဓားနှင့်လှီး၍ ပစ်လိုက်ပြီး၊ ယခင် စလေငခွေးနောက်လိုက်၍ အိမ်သို့ အမြန်ခေါ်ဆောင်လျက်၊ 'အမောင်သည် သီလ သီတင်း ဆောက်တည်ခြင်းကို အားထားလော့။ များမကြာမီ ပေါက္ကံပြည်ကို အစိုးရသော မင်း ဖြစ်လတ္တံ့။ ထိုအခါ ဆရာကိုမမေ့လင့်' မှာလိုက်၏။

''စလေငခွေးလည်း ပေါက္ကံမြို့မှ စလေသို့ စုန်သွားလျှင် အရှင်ဖြစ်သော သူကြွယ်သည် သက်သာဖွယ်မရအောင် စေခိုင်းသည်ကို မခံနိုင်သည့်အတွက်


mgyoe.com

mgyoe.com SAMPLE BOOK

တန်နက်မင်းထံ ဝင်ရောက်ခစားရာ၊ မင်းတရားလည်း စလေ ငခွေးအသွင်အပြင်ကို မြင်လျှင် ချစ်ခင်မြတ်နိုးတော်မူရကား မြင်းတော်ခံ အရာ၌ ထား၍ သနားခန့်အပ်တော် မူ၏။ မင်းကြီးသည် မောင်းမငယ်တစ်ယောက်နှင့် မကြာမကြာ မြင်းတင်းကုပ်သို့လာရာ၊ အခါတစ်ပါး မိဖုရားမောင်းမငယ်ကလေးနှင့် စလေငခွေးတို့စုံမက်၍ တန်နက်မင်းကို မြင်းချေးတွင်း၌ မြှုပ်သတ်ပြီးလျှင် နန်းရပ်ကို ယူလေသတည်း။

"ဤကဲ့သို့ ရာဇဝင်စကား အထင်အရှားရှိပါသောကြောင့် အိပ်မက်၏ နိမိတ်ကို အတိတ်ကောက်ယူသောအကြောင်းမှာ ကောင်းရာကိုကောက်မှ ကောင်းကျိုး ပေးပါသည်။ မကောင်းရာကိုကောက်က မကောင်းကျိုး ရောက်တတ်သည် ဖြစ်ပါသောကြောင့် အယူတော်မင်္ဂလာ၏ကောက်ချက်နှုတ်ထွက်သြဘာ မင်္ဂလာသည် ကောင်းရာလမ်းသို့ ဖြောင့်တန်းစွာ ဆောင်ယူပို့ သပေးသောကြောင့် ဘဝရှင်မင်းတရားကြီးအား များမြတ်သောကောင်းကျိုး တက်တိုးထွန်းကားရခြင်းသည် မလွဲဟု အမြဲနှလုံး ပိုက်ကျုံးတော်မူ၍ အယူတော်မင်္ဂလာ အမတ်အား နောက်ထပ် ဆုသနားတော် မူသင့်ပါကြောင်း ရွှေဖဝါးတော်မြတ် အောက်ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား" ဟူ၍ အမတ်ကြီးဦးပေါ်ဦး လျှောက်တင်သည်။

ဘဝရှင်ဘိုးတော်မင်းတရားကြီးသည် အယူတော်မင်္ဂလာကို လွန်စွာ နှစ်သက်တော်မူသောကြောင့် အရပ် ၅ တောင် ၂ မိုက် ၄ သစ်၊ အစွယ်ပြင်ထွက် ၁ မိုက် ၄ သစ်ရှိသော စွယ်စုံပေါက် ဆင်တစ်စီးကို ချီးမြှင့်ပေးသနားတော်မူလေ သတည်း။

❖ ❖ ❖



mgyoe.com

mgyoe.com SAMPLE BOOK

## ၃- ဝန်ထောက်တော် ဦးရွှေလေးနှင့်စပ်လျဉ်း၍ အတွင်းဝန်မင်း ဦးပေါ်ဦးက ဘွဲ့အထူး ပေးရသောအကြောင်း

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးသည် ရှေးရှေးသောမင်းကောင်း ဘေးလောင်းတော်, ဘိုးလောင်းတော်ဖြစ်တော်မူကုန်သော နေမိ, ဓမ္မသုန္ဒရ, မဃဒေဝ, ဓမ္မာသောက စသော မင်းမြတ်တို့ကဲ့သို့ လောကပါလ တရား ၂ပါး, သတ္တိ ၃ပါး, သင်္ဂဟ တရား ၄ပါး, ဗလ ၅ပါး, နာယကဂုဏ် ၆ပါး, အပရိဟာနိယတရား ၇ပါး, ရာဇဂုဏ် ၈ပါး, နဝရတ် ၉ပါး, ရာဇဓမ္မ ၁၀ပါး, တရားအပေါင်း လမ်းကြောင်း ဥပဒေသနှင့်အညီ ပြည်ရွာတိုင်းခရိုင် နိုင်ငံတော်အတွင်း မှီတင်း နေထိုင်ကြကုန်သော သတ္တဝါအပေါင်းတို့အား ရင်ဝယ်သားကဲ့သို့ သနားငဲ့ညှာ တော်မူရင်း နှလုံးသွင်းပြ ကတော့ အလေ့တော်ထုံရကား စဉ်းစားဆင်ခြင် တော်မူသည်မှာ-

၁ - ပြည်သူတိုင်းသား ဆင်းရဲသားကျွန်တော်မျိုးတို့မှာ မိုးလေဝသခေါင်းပါး၍ ပြောင်း, စပါး, နှမ်း လုပ်ငန်းဆောင်တာ မရပါမူ အစာရေငတ်ကြသဖြင့် ဒုဗ္ဘိက္ခန္တရကပ် တိုက်ခြင်း။



mgyoe.com

mgyoe.com SAMPLE BOOK

၂ - အနည်းငယ်မျှ စားသောက်ရသောလူကို မစားရသူတို့က လုယူတိုက်ခိုက်ကြလျက် တစ်ဦးသည် တစ်ဦး၊ တစ်ယောက်သည် တစ်ယောက် မထောက် ညှာကြဘဲ 'အတ္တသမံပေမံနတ္ထိ၊ ကိုယ်မချည့်သော် အမိသော်မှ သားတော် ခဲသည်' ဟူသကဲ့သို့၊ လုယူသတ်ဖြတ်၍ 'သေခြင်း'ဟူသော သတ္တန္တရ ကပ်တိုက်ခြင်း။

၃ - မိုးလေခေါင်းပါး၍ အစာရေစာ မရှိသဖြင့် သေရမည်ကိုကြောက်သော အမှုကြောင့် သစ်ဥ၊ သစ်ရွက်စသည်တို့ကို စားသောက်ရသော သဘောကြောင့် ရောဂါအထူး ပွားလူးနှောင့်ယှက်၍ သေရခြင်း တည်းဟူသော ရောဂန္တရကပ်တိုက်ခြင်း။

ယင်းသို့ သတ္တဝါအများတို့၌ ကပ် ၃ပါးတွေ့ကြုံရခြင်းသည် 'သုဘိက္ခ ဒုဗ္ဘိက္ခော-အစာရေစာ အာဟာရထမင်း ပေါများခြင်းနှင့် လွန်မင်းစွာငတ်မွတ်ခေါင်းပါးခြင်းကို၊ ဝဿကတော - မိုးသည် ပြုပြင်စီမံအပ်၏'ဟူသည်နှင့်အညီ၊ မိုးသည်သာ ပဓာနမူလ သဘာဝအရင်း ဖြစ်ချေသည်။ တစ်ကြောင်းမှာလည်း သတ္တဝါအများ ဆင်းရဲသားကျွန်တော်မျိုးတို့မှာ မိုးလေခေါင်းပါး၍ စပါးဈေး၊ ဆန်ဈေးက အသက်ကိုသတ်သည်နှင့်တူကြောင်းကို ကျမ်းဟောင်းဒေသနာတွင် ပြသည်မှာ - 'အဋ္ဌဂ္ဃပနံ ဇီဝိတဝေါရောပန သဒိသံ' ဟုလာရှိသည်။ ။

အဋ္ဌဂ္ဃပနံ-ဈေးနှုန်းမကျ ဤမျှဖြစ်စေ ငွေသာတိုးပွား အဖိုးထားခြင်းသည်၊ သတ္တာနံ-ဝယ်ရန်ခက်ခဲ အလွန်မွဲသော သတ္တဝါတို့၏၊ ဇီဝိတ ဝေါရောပန သဒိသံ-မဝယ်နိုင်နေ သေပစေဟု ဆိုလေသောအသွင် ဝိညာဉ်ယွင်းပျက် မငဲ့ကွက်သောကြောင့် အသက်ကိုသတ်သည်နှင့် တူ၏။

'ဤသို့လာရှိခြင်းကြောင့် သတ္တဝါအများ တိုင်းသားပြည်သူတို့အတွက် ငဲ့ကွက်ရန်အရေးဖြင့် စပါးဈေးများ မည်ကဲ့သို့ ဖြစ်ပါလိမ့်မည်နည်း'ဟု တစ်ကိုယ်တော်တည်း ကြံတော်မူလျက်၊ နံနက်ညီလာခံအစုံ ဗိုလ်ပုံဗိုလ်ထုနှင့် အရှုံခံဆဲ မင်းပွဲသဘင်ယင်တော်မူရာတွင် ဘဝရှင်မင်းတရားကြီးက အပါးတော်တွင် အခစားဝင်ရောက်သော ဦးရွှေလေးကို အမေးတော်ရှိသည်မှာ


mgyoe.com

mgyoe.com SAMPLE BOOK

"ရွှေလေး။ ရှေးရှေးသော မင်းတို့လက်ထက်အခါနှင့် ယခု ငါ၏ ရွှေလက်ထက်တော်အခါများတွင် စပါးဈေး အဘယ်က တိုးသနည်း။ ငါ၏ အထင်မှာ ရှေးဘုရင်မင်းမြတ်တို့ လက်ထက်အခါထက် ငါ၏လက်ထက်တော်မှာ သာ၍ စပါးပေါသည့် ငါထင်သည်" ဟု အမိန့်တော်ရှိလေလျှင်၊ 'အလိုတော်ရှိ ပရိယာယ်အားဖြင့် နားယောင်အောင် သံတော်ဦးတင်မှ လျော်မည်'ဟု ကြံတွေး၍ ဦးရွှေလေးက တင်သည်မှာ-

"မှန်လှပါ။ ဘုန်းတော်ကြောင့် ရှေးရှေးသောမင်းတို့လက်ထက်တော်မှာ စပါး ၁ တင်းလျှင် ၁ ကျပ်ဖြစ်၍၊ ယခု အရှင်ဘုရားလက်ထက်တော်မှာ ၂ခွဲ လျှင် ၁ ကျပ် ဖြစ်ပါသည် ဘုရား" ဟု လျှောက်ထားသံတော်ဦးတင်လျှင်၊

ဘုရင်မင်းတရားကြီးက 'စကား စီး၍ ငါ့ကို သံတော်ဦးတင်သည်။ ဤအခါတွင် ရှိစေဦးတော့' ဟူသော အကြံနှင့် ညီလာခံ သိမ်းတော်မူလေ၏။

ညီလာခံမှ ပြန်သွား၍ အိမ်သို့ရောက်လျှင် ဝန်ထောက် ဦးရွှေလေးသည် ကြံတွေးစဉ်းစား၍ မယားကို ပြောသည်မှာ-

"ဝန်ကတော်။ ဘဝရှင်မင်းတရားက ငါ့အား ရာထူးဌာနန္တရချီးမြှင့်ပြီး လျှင် အဆင့်အဆင့် ပေးသနားတော်မူသည်ကား များလှလေပြီ။ သို့ပင် ရာထူး ဌာနန္တရ ပေးသော်လည်း 'ရွှေလေး' ဟူသောခေါ်ဝေါ်ခြင်း ငယ်မည်မပျောက် ရှိချေသည်။ နားခံအရာပေးတော့လည်း 'ရွှေလေး'၊ သံတော်ဆင့်အရာ ပေးပြန်လည်း 'ရွှေလေး'၊ သံတော်ခံအရာ ပေးပြန်လည်း 'ရွှေလေး'၊ ဝန်ထောက်အရာ ပေးပြန်လည်း 'ရွှေလေး'။ ငယ်မည်သာ အကျိုးပေး၍ 'ရွှေလေး' ဟူသော အမည် မပျောက်နိုင်ရှိခဲ့သည်။ သို့ဖြစ်၍ 'ရွှေလေး' ဟူသောအမည်ပျောက်အောင် ဝင်ရောက် သံတော်ဦးတင်မည်။ ဘုရင်မင်းမြတ်အားဆက်သရန် လက်ဆောင်တော် များကိုသာ စီမံအားထုတ်၍ ထားလော့" ဟု မယားကို ပြောဆို၏။

နောက်များမကြာ လက်ဆောင်ပဏ္ဏာများကို ယူငင်၍ ဘုရင်မင်းမြတ် အား ဆက်သပြီးလျှင် သံတော်ဦး တင်သည်မှာ-



mgyoe.com

mgyoe.com SAMPLE BOOK

"ဘဝရှင်မင်းတရားကြီးသည် ကျွန်တော်မျိုးအား သနားချီးမြှင့်တော် မူသော ရာထူးဌာနန္တရ များစွာပင် တိုးသော်လည်း ခေါ်ရိုးဖြစ်သော 'ရွှေလေး' ဟူသော ငယ်မည်သာ တွင်ပါသည်။ သို့ဖြစ်၍ ငယ်မည် 'ရွှေလေး' ပျောက်အောင် ချီးမြှင့်ရန်သင့်လျော်သော ဘွဲ့များကို ပေးသနားတော်မူပါမည့်အကြောင်း" နှင့် ခွင့်တောင်း သံတော်ဦးတင်လေ၏။

ထိုအခါ ဘိုးတော်မင်းတရားက စဉ်းစားကြံတွေးလျက် 'ရွှေလေး သည် ငါ့ကို ယခင် စကားစီးဖူးသည်။ ပေါ်ဦးကို ခေါ်တော်မူပြီးလျှင် ချေစေမှ တော်ဦးမည်' ဟု စိတ်တော်ကူး၍ ဦးပေါ်ဦးကို ခေါ်တော်မူပြီးလျှင် မိန့်တော်မူသည်မှာ-

"ပေါ်ဦး။ ယမန် ညီလာခံဝင်တော်မူရာဝယ် ငါ၏ တိုင်းပြည်ခရိုင် နိုင်ငံတော်အတွင်း၌ မှီတင်း နေထိုင်ကြကုန်သော အသည် ကပ်ပါး ဆင်းရဲသား ကျွန်တော်မျိုးအပေါင်းတို့မှာ အစားဆန်ရေ ရွှေ ငွေ စပါး ပေါများပြည့်စုံသဖြင့် အလုံးစုံသော သတ္တဝါတို့သည် ချမ်းသာသုခ ရှိကြလေသလောဟု တွေးတော ဆင်ခြင်တော် မူမိသည်နှင့်၊ အပါးတော်တွင် ခစားလျက်ရှိသော ရွှေလေးအား စပါး ဆန်ဈေး မေးမြန်းစီစစ်တော်မူရာ 'ရှေးမင်းတို့လက်ထက်တော်အတွင်း စပါးတစ်တင်းလျှင် ၁ ကျပ်၊ ကိုယ်တော်မြတ်လက်ထက်တော်အခါ ၁ ကျပ်မှာ ၂ ခွဲဟု လိုးလွဲတင် လျှောက်သောစကား ရှိသည်။ ယခု ရွှေလေးက 'ဘယ်လိုပင် ရာထူးပေးသော်လည်း ရှေးငယ်မည် မပျောက်သောကြောင့် ချီးမြှင့်ရန်သင့်သော ဘွဲ့များကို ပေးသနားတော်မူပါ ဟု သံတော်ဦးတင်လာသည်။ ကောင်းမွန်စွာ အမည်ရွေး၍ ရွှေလေးအား ဘွဲ့ပေးရမည်" ဟု အမိန့်တော်ရှိ၏။

ထိုအခါ အတွင်းဝန်မင်းကြီး ဦးပေါ်ဦးက စိတ်ကူးလျင်မြန် ဉာဏ်စူးရှ သောသူဖြစ်ရကား

'ယခု ဘုန်းတော်ကြီးဘုရား မိန့်တော်မူသောစကားသည် ရွှေလေးအား လက်စားချေတော်မူလိုဟန်ရှိသည်။ ငယ်မည်ပျောက်အောင် တင်လျှောက်လာသော ဝန်ထောက် မောင်ရွှေလေးသည် ကကြီးခခွေး ပုတ်လောက်ကို တုတ်ထောက်



mgyoe.com

mgyoe.com SAMPLE BOOK

၍ပင် ပြသော်လည်း အနည်းငယ်မျှ မသိရှာ။ ပညာပေတံ့- လက်ရုံးအားကိုး အကျိုးတော်အောင်မြောက်၍ ဝန်ထောက် အရာကိုရသူဖြစ်သည်' ဟု ကြံဆလျက် 'သုဝဏ္ဏစနုံ' ဟူသော မဂဓအမည်ကို ရွေးပြီးလျှင် ''ရွှေလေးနှင့်သင့်လျော်သော ဘွဲ့အမည်ပါ ဘုရား'' ဟု လျှောက်ထား သံတော်ဦးတင်ရာ

ဘုရင်မင်းတရားကြီးသည် 'သုဝဏ္ဏစနုံ' ဟူသော ပါဠိ၏အနက် ကို အချက်ကျဆင်ခြင်၍ ရွှင်သောမျက်နှာတော်ဖြင့် ''ရွှေလေး'' ယခုပေးသော ဘွဲ့အမည်နှင့် အတည် တွင်ခေါ်စေရမည်'' ဟု အမိန့်တော်ရှိသဖြင့် မိမိအိမ်သို့ ပြန်သွားလေသတည်း။

ထို့နောက် မိမိသူငယ်ချင်း မင်းမှုးမတ်အစည်းအဝေး၌

''ရွှေလေးဟု ငါ့ကို မခေါ်ကြနှင့်၊ ''အမိန့်တော်နှင့် ဘွဲ့ထူးရှိသည်ကို မသိကြကုန်သလော'' ဟုဆိုလျှင်

''အသင်၏အမည်ကို အတည်ဘယ်သို့ ပေးသနည်း'' ဟုမေးကြရာ

'' 'သုဝဏ္ဏစနုံ' ဟူသော ဘွဲ့တံဆိပ်ကို ခတ်နှိပ် သူကောင်း ပြုတော်မူသည် ဟု ဆိုသော်၊ ထိုထို မှုးမတ်ပညာတတ်တို့က ရင်ဘတ်ကိုတီးလျက်

''ချီးမွမ်းဖွယ်ဝန်မင်း''၊ မူလရင်း ယမည်လည်း 'ရွှေလေး'၊ ခုပေးသည့် အချက်ကလည်း အနက်ကတော့ 'ရွှေလေး' ပင်တကား'' ဟု ပြောကြ ရယ်မောသောသော ဟစ်ကြွေး၊ ရယ်သွမ်းသွေးကြလျှင်၊ ဦးရွှေလေးက '' 'သုဝဏ္ဏစနုံ' ဟု ဘွဲ့ပေးသည်ကို 'ဦးရွှေလေး' အဘယ်ကြောင့် ဖြစ်ရမည်နည်း'' ဟု ပြောရာ၊ တစ်ယောက်သောအမတ်က

''ဦးရွှေလေး။ အနက် ပေးပြမည်။ နားထောင်။ 'သုဝဏ္ဏ-ရွှေ၊ စနုံ- လေး'။ ရွှေနှင့်လေး ၂ ခုစပ်တော့ ဘွဲ့ထပ်၍ ပေးသော်လည်း ရွှေလေးက မတက်။ အနက်မသိလို့ အကောင်းထင်သည်။ မပြောင်းချင်ပါနှင့် ဦးရွှေလေး'' ဟုဆိုကြရာ၊

''ခင်ဗျားတို့က တစ်မျိုးထူး၍ ဦးပေါ်ဦးထက် အနက် နားမလည် ချင်ပါနှင့် ဆို၍ထသွားလျှင် တဟားဟားရယ်မောကြကုန်သတည်း။



mgyoe.com

mgyoe.com SAMPLE BOOK

ထိုနောက် ဦးရွှေလေးလည်း အစည်းအဝေးအသင်းအပင်း သူငယ်ချင်းမှူးမတ်အပေါင်းတို့က 'ဘွဲ့ပြောင်းသော်လည်း ရှေးကအတိုင်းပင်' ဟု ဝိုင်းဝန်းပြောဆိုကြသည်ကို သံသယမကင်းသဖြင့် 'အတွင်းတော်သို့ဝင်ပြီးလျှင် ဘဝရှင်မင်းတရားကြီးအား လျှောက်ထားသံတော်ဦးတင်မည်' ဟု ကြံရည်စဉ်းစား၍ အပါးတော်သို့ ဝင်ရောက်ခစားလေ၏။

ထိုအခါ ဘဝရှင်မင်းတရားကြီးက "ရွှေလေး ဘာကိစ္စ ပြန်လာပြန်သနည်း" ဟု မေးတော်မူရာ၊ တင်သည်မှာကား-

"ဘဝရှင်မင်း တရားသည် သနားချီးမြှောက်တော်မူသော အမည်နာမ 'သုဝဏ္ဏခန်' ဟူသော ဘွဲ့အရေးသည် ရွှေလေးနှင့်မခြားဟု အများမှူးမတ်ပရိသတ်တို့က ပြောဆိုနေကြခြင်းကြောင့် ခံပြင်း၍ ဝင်ရောက်ခစားပါသည်ဘုရား" ဟု လျှောက်ထားသံတော်ဦးတင်လျှင် ဘဝရှင်မင်းတရားက ယခင်ရွှေလေးစကားကို ပြန်၍ ချေတော်မူလိုသည်ဖြစ်၍၊ "ရွှေလေး။ စပါးဈေးကို မေးတော်မူစဉ်အခါ ရှေးမင်းတို့လက်ထက်တော်မှာလည်း ၁ ကျပ်လျှင် ၁ တင်း။ ငါမင်းလက်ထက်မှာလည်း ၁ ကျပ်လျှင် ၂ ခွဲဟု လှီးလွဲတင်စား မင်းလျှောက်သောစကားသည် မည်ကဲ့သို့ ခြားသနည်း" ဟု မေးတော်မူ၏။

ထိုအခါ ဦးရွှေလေးက "မေးတော်မူသောစကားကြောင့် ရွှေနားသက်သာတော်မူရန် ကြံဖန်လျှောက်တင် ထားရပါသည်။ စပါးဈေးမှာ အတူတူပင် ဖြစ်ပါသည်ဘုရား" ဟု သံတော်ဦးတင်လေသော်၊ ဘိုးတော်မင်းတရားကြီးက

"တူမျှ သော စပါးဈေးကဲ့သို့ 'ရွှေလေး' ဟူသောအမည်နာမနှင့် မထူးဘူး။ ပေါ်ဦးလက် ချက်ဖြစ်၍ ငါ မတတ်နိုင်" ဟု မိန့်တော်မူသောအခါ၊ ညှိုးငယ်သောမျက်နှာနှင့် လျင်စွာ အပါးတော်မှ ထွက်ခဲ့ရလေသတည်း။

❖ ❖ ❖


mgyoe.com

mgyoe.com SAMPLE BOOK

## ၄ - 'မဖွေကြမ်း သူခွေတဲ့ ထင်းသပြေသား၊ သည်ကိန်းကို ဘယ်သူချေပါ့မယ် မင်း စနေသား' ဟူသော တဘောင်သီချင်းကို အတွင်းဝန်မင်း ဦးပေါ်ဦးသို့ မေးတော်မူသောအကြောင်း

အမရပူရ ပထမမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်ဘိုးတော်မင်းတရားကြီးလက်ထက်တော်အခါ ပေါ်လာသော တဘောင်တေးကို ကလေးလူကြီးမှစ၍ သောင်းသောင်းဖျဖျ သီဆိုကြသည်မှာ-

''မဖွေကြမ်း သူခွေတဲ့ ထင်းသပြေသား၊ သည်ကိန်းကို ဘယ်သူချေပါ့မယ် မင်းစနေသား။ နန်းရှေ့ တောင်က မောင်အောင်မြတ် ကျန်ပါသေးရဲ့။ မယုံလျှင် ဦးညိုသွေး မေးပါတော့လား'' ဟူသော တဘောင်သီချင်းကို မြို့တွင်း, မြို့ပြင် အရပ်ထက်ဝန်းကျင် အလွန်သီဆိုကြကြောင်းကို ဘိုးတော်မင်းတရားကြီး ရွှေနားတော် ကြားသိတော် မူလတ်သဖြင့်၊ အမတ်ကြီး ဦးပေါ်ဦးကို ခေါ်၍ ရှေ့တော်၌ မေးတော်မူသည်ကား-

'ပေါ်ဦး။ ငါသည် ယမန်နေ့နံနက် တောင်ဥယျာဉ်သို့ ထွက်တော်မူစဉ် ငါ၏ ရွှေနားတော်တွင် ကြားသိတော်မူခဲ့ရသော ဤတဘောင်သီချင်းကို မောင်မင်း


mgyoe.com

mgyoe.com SAMPLE BOOK
အတိတ်ကောက်၍ တင်လျှောက်ရမည်'' ဟု မိန့်တော်မူပြီးလျှင်၊ ယခင်တဘောင် သီချင်းကို ရွတ်ဆို၍၊ ပြတော်မူ၏။

ထိုအခါ အမတ်ကြီး ဦးပေါ်ဦးက တင်လျှောက် သည်မှာ

''ဘုန်းတော်ကြောင့် ဘဝရှင်မင်းတရားကြီးဘုရား ကြားသိတော်မူခဲ့သော တဘောင်က 'မဗွေကြမ်း သူခွေတဲ့ ထင်းသပြေသား။ သည်ကိန်းကိုဘယ်သူချေပ့်မယ် မင်းစနေသား။ နန်းရှေ့တောင်က မောင်အောင်မြတ် ကျန်ပါသေးရဲ့။ မယုံလျှင် ဦးညိုသွေး မေးပါတော့လား' ဟူ၍ဆိုသောကြောင့် ဤတဘောင်၏ အတိတ်ဩဘာ မင်္ဂလာသုတိရှိသောစကားကို ဖြေကြားလျှောက်တင်ရမည်ဆိုသော်လည်း ဘုရားကျွန်တော် ဝန်ပေါ်ဦး တင်ရမည်အချက် မဟုတ်ပါ။ ပေါ်လာသော တဘောင်တွင် 'မယုံလျှင် ဦးညိုသွေးမေးပါတော့လား' ဟု ပါရှိသည့်အလိုအားဖြင့် 'ဦးညိုသွေးကိုသာ မေးတော်မူရမည်' ဟု အတည်မှာခဲ့ရင်း ဖြစ်ပါသည်။ ယခု ဘဝရှင်မင်းတရားကြီးဘုရားမှာ ဦးညိုသွေးကို မမေး။ ပေါ်ဦးကို မေးသောကြောင့် ဖြေဆိုရေးအခွင့် မဟုတ်ပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား'' ဟု လျှောက်ထားလေသော်၊ ဘိုးတော်မင်းတရားကြီးနှင့် တကွသော မင်းပရိသတ်အားလုံးတို့သည် ခြိမ့်အုန်းသောသော ရယ်မောကြလေကုန်သတည်း။

ထို့နောက် ဘဝရှင်မင်းတရားကြီး ဘုရားလည်း ပြုံးတော်မူပြီး ရွှင်လှသော မျက်နှာတော်ဖြင့် ဦးပေါ်ဦးသို့ကြည့်၍ တစ်ဖန် မေးတော်မူပြန်သည်မှာ-

''ပေါ် ဦး။ မောင်မင်း တင်လျှောက်သည့်အတိုင်း ဦးညိုသွေးကိုကား မေးရမည်ဆိုသော် အဘယ်မှာ ဦးညိုသွေးနှင့် တွေ့ရှိနိုင်ပါအံ့နည်း။ မှူးကြီးမတ်ရာ သေနာပတိ အပေါင်းတို့တွင်လည်း ၄င်းဦးညိုသွေး ပါမည်မဟုတ်'' ဟု မိန့်တော်မူပြန်ရာ၊ အမတ်ကြီးဦးပေါ်ဦးက တင်လျှောက်သည်မှာ '' မှန်ပါ။ ဘုန်းတော်ကြောင့် ဦးညိုသွေး ဆိုသည်ကား အခြားသူ မဟုတ်ပါ။ ဘဝရှင်မင်းတရားကြီးဘုရားအပါးတော်တွင် ခစားလျက်ရှိသော အယူတော်မင်္ဂလာအမတ်ကိုပင် ဆိုသောစကား ဖြစ်ပါသည်။ အဘယ့်ကြောင့် နည်းဟူသော် အယူတော်


mgyoe.com

mgyoe.com SAMPLE BOOK

မင်္ဂလာကား ဒီပဲရင်းမြို့ စီရင်စု ကိုးသန်းနယ်အပါအဝင် ကြခတ်ရွာလျှင် ဖွားရာဇာတိရှိသော အမိ-မမင်းလှ, အဖ-ဦးရွှေညို တို့၏ရင်သွေး ဖြစ်ရကား ဦးညို၏ရင်သွေးဖြစ်သော သား အယူတော်မင်္ဂလာကို မေးရမည် ဆိုလိုပါသည်'' ဟု သံတော်ဦးတင်လျှင်၊ ဘဝရှင်ဘိုးတော်မင်းတရား ကြီးဘုရားသည် အမတ်ကြီးဦးပေါ်ဦး လျှောက်ထားချက်နှစ်သက်တော်မူ၍ အယူတော် မင်္ဂလာကို ခေါ်ပြီးလျှင် ယခင် တဘောင်သီချင်းကို မေးတော်မူရလေသတည်း။

❖ ❖ ❖



mgyoe.com

mgyoe.com SAMPLE BOOK

## ၅- ဘိုးတော်မင်းတရားကြီးက 'သိကြားပေါက်' အကြောင်းကိုမေးရာ ကျေအေးအောင် လျှောက်တင်ခြင်းအကြောင်း

အခါတစ်ပါး ဘိုးတော်မင်းတရားကြီးသည် လေသာနန်းတော်တွင် ညဥ့် ညီလာသဘင်၌ လေညင်းခံ၍ စံတော်မူရာ ဝေဇယန်တနှုန်း တင့်ဆုံးအံ့ဖွယ် ဆန်း ကြယ်ဖြိုးမြင့် ဘုံကိုးဆင့်ရှိသော မြေနန်းပြသာဒ်တော်ကြီးကို ရှုတော်မူပြီးလျှင် ဘုရားထီးဆောင်း မင်းအပေါင်းတို့သည် ပစ္စင်, ပြအိုး, မြို့ရိုး ကျုံး, မြောင်း, တန်ဆောင်း, ပြသာဒ်အရပ်ရပ်နှင့်တကွ ရာဇာဋ္ဌာနီ မင်းနေပြည်ကြီး ရွှေထီး ရွှေနန်း ဖန်ဆင်းတည်ထောင်ကြရာတွင် ဘုံ ၉ ဆင့်ရှိသော ပြသာဒ်တော်ကြီး၏ ဒုတိယ ဘုံအရောက်တွင် ပြတင်းပေါက် ထားမြဲဖြစ်လေသည်။ ထိုပြတင်းပေါက်ကို 'အောက် ရာမည သုဓမ္မပုရီ ရွှေပြည်သထုံ ဇေယျုံခေတ္တရာ, ပုဂံ, မြင်စိုင်း, စစ်ကိုင်း, ပင်းယ, ရတနာပုရ ဟူကုန်သော ရှေးရှေးသောရွှေပြည် ပဝေဏီ အဆက်ဆက်မှ စ၍ ယခု ငါ၏ရွှေလက်ထက်တော်တိုင် ကြံခိုင်မပျောက် သိကြားပေါက်' ဟု ခေါ်ဝေါ်သမုတ်ကြသည်။ ထို 'သိကြားပေါက်' ၏



mgyoe.com

mgyoe.com SAMPLE BOOK

အကြောင်းအရင်းမူလ သဘာဝသဘောကို ခေါ်ဝေါ်ပုံနှင့်တကွ ပေါ်ဦးက သံတော်ဦး တင်ရမည်'' ဟု အမိန့်တော်ရှိလျှင်၊ အတွင်းဝန်ဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ

''ဘုန်းတော်ကြောင့် 'သိကြားပေါက်' ဟု ခေါ်ဝေါ်ခြင်းစကားမှာ ဘုရားဟော နိပါတ်, ဇာတ်, မဟာဝင်, ရာဇဝင်, ကျမ်းစာတမ်း မှတ်ပုံတင်တို့၌ တွေ့ရှိဖူးသည်မှာ ပြည်ကြီးရှင် ဘုရင်မင်းမြတ်တို့သည်၊ လောက, ဓမ္မ, ရာဇဟူသော အကြောင်း ၃ ပါးကင်းမဲ့၍ ချို့တဲ့သောအခါ သိကြားမင်းသည် အယုဇ္ဈကြဋ္ဌန်း သုဒဿနန်းမှ ဖြန့်မြန်းဆင်သက်ပြီးလျှင် ဘုရင်မင်းမြတ်တို့၏ ပြသာဒ်တော် ဒုတိယဘုံတွင်စီရင်သော တံခါးပြတင်းပေါက်မှ သိကြားမင်းရပ်တန့်၍ နိုင်ငံသခင် ဘုရင်သနင်း ပြည့်ရှင်မင်းကြီးအား တရားဓမ္မ ဆုံးမသွန်သင်သောနေရာ ဖြစ်သည်များကိုထောက်၍ 'သိကြားပေါက်' ဟုခေါ်ဝေါ်ကြပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ဝံ့ပါသည် ဘုရား'' ဟု တင်လျှင်၊ ဘဝရှင်ဘိုးတော်မင်းတရားကြီး ဘုရားက

'ပေါ်ဦး။ မောင်မင်းထင်သည့် အတိုင်း မှန်လျှင် ငါကိုယ်တော်မြတ်သည် အရပ်ရပ်သောတိုင်းပြည် အတည်တည် သောနိုင်ငံနှင့်တကွ အမရပူရ ရွှေပြည်ကြီးကို အတီလက်မွန် တည်ထောင် ဖန်ဆင်းတော်မူ၍ သူမတူတန် သာမန်မင်းတို့ ရဲတင်းလွတ်စွန့် ခံဝံ့ခဲစွာသော မုဒ္ဓါဘိသိက်ကိုခံယူလျက် စိုးစံအုပ်ချုပ်တော်မူသည်မှာ များစွာနှစ်ပေါင်း မြင့်ညောင်း ကြာလွန်လေပြီ၊ တစ်ခါတစ်ရံမျှဆင်း၍ သိကြားမင်းမလာ ဖူးပါတကား'' ဟု အမိန့်တော်ရှိ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက ကွန့်မြူး သောဉာဏ်, လျင်မြန်သော ဇဝနဂုဏ်နှင့် ပြည့်စုံသော သူတစ်ယောက် ဖြစ်၍ မင်းဧကရာဇ်အလိုတော်ကျရန် လျှောက်ထားသံတော်ဦး တင်ပြန်သည်မှာ

''ဇာတ် နိပါတ်, ရာဇဝင်၌ပြည့်ရှင်မင်းများကို သိကြားမင်းလာ၍ ဆုံးမဩဝါဒ ပေးရသည်ဆိုသည်မှာ ထိုမင်းများသည် 'လောက, ဓမ္မ, ရာဇ တည်းဟူသော အကြောင်းချို့လျက် မင်းတို့ကျင့်အပ်သော ရာဇဓမ္မနှင့်ကင်းသဖြင့် ညှဲ့ဖျင်းသောအတွက်ကြောင့် ဆင်းသက်၍ ယခင်ပြသာဒ်တံခါးပေါက်က တရား


mgyoe.com

mgyoe.com SAMPLE BOOK

အလျောက် ဆုံးမနည်းပေးရပါသည်။ ဘုန်းတော်များဝှန် အနေကန်ကို ဝေဖန်ပိုင်းခြားခြင်းငှာ ခဲယဉ်းစွာသော ဘဝရှင်မင်းတရားကြီးမှာ သစ္စာ၊ ဓမ္မ၊ စာဂ၊ မိတိ အရှိ ၄ ပါး တရားမချွတ် ကျင့်ဝတ်သိမ်မွေ့ ပြကတေ့ အဟုန်ထုံတော်မူလတ်ရကား ယခင်ပြဆိုသော မင်းများကဲ့သို့ တရားချို့ယွင်းသည် မရှိ။ နေမိမင်းဖျား ဘုရားလောင်းတို့နှင့် မလွဲတပဲ နှင်းပန်း နှင်းတန်းမယွင်း သို့ဖြစ်ခြင်းကြောင့် သိကြားမင်းကပင် အတုရိုးရမည့် လက္ခဏာရှိသောကြောင့် ပြသာဒ်တော် တံခါးပြတင်းပေါက်သို့ သိကြားမင်း မရောက်ဟန် ရှိပါကြောင်း။ ယင်းကဲ့သို့ မဟုတ်မူ၍ ဘဝရှင်မင်းတရား မှာ သိကြားမင်းလာမည်ကို တောင့်တ၍ စိတ်ဆန္ဒ ရှိတော်မူပါလျှင် ယခင် လျှောက်ထားသော မတရားမင်းတို့ကဲ့သို့ ညံ့ဖျင်းအောင်သာ အားထုတ်တော်မူပါ။ မကြာခင် သိကြားကြွ၍ တရား ပြရောက်ပါလိမ့်မည့်အကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ပါသည်ဘုရား" ဟူ၍ ပရိယာယ်ဉာဏ်စကားဖြင့် များပြားစွာယုတ္တိပေါ်အောင် ရွှေနားတော်ကြား လျှောက်ထားသံတော်ဦးတင်၏။

ထိုအခါ ဘဝရှင်မင်းတရားကြီး ဘုရားက

"သိကြားမလာချင်လျှင် ရှိပါစေတော့ မောင်မင်း။ ညံ့ဖျင်းအောင်ဖြင့် မလုပ်ပါရစေနှင့်" ဟု မိန့်တော်မူပြီးလျှင် ငွေစင် အချိန်ပိဿာ ၁၀၀ ကို ကောင်းမွန်စွာ ဆုသနားတော် မူလေသတည်း။

❖ ❖ ❖

mgyoe.com

mgyoe.com SAMPLE BOOK

## ၆ – အတွင်းဝန်မင်းဦးပေါ်ဦး ရာထူး ပေးအပ်တော်မူသောကြောင်း

အမရပူရ ပထမမြို့နန်းကိုစိုးစံတော်မူသော ဘိုးတော်မင်းတရားကြီးသည် အထွတ်အထိပ်သို့ ရောက်တော်မမူမီကပင် ချစ်ခင်ရင်း အိမ်တော်ပါကျွန်ဖြစ်၍ အတွင်းဝန်မင်း ဦးပေါ်ဦးကို အထူးမြတ်နိုးတော်မူသဖြင့်၊ တစ်နေ့သော ညီလာခံသဘင် ယင်တော်မူစဉ် ဘဝရှင် ဘိုးတော်မင်းတရားကြီးဘုရားက ကျီစယ်လိုသောသဘောထားနှင့် မိန့်ကြားတော်မူသည်မှာ–

"ပေါ်ဦး။ မောင်မင်းမှာ အိမ်တော်ပါငယ်ကျွန် အလွန်ပင် ငါ၏အကျိုးကို သယ်ပိုးရွက်ဆောင်ဖူး၍ ကျေးဇူး ကြီးသူတစ်ယောက်လည်း ဖြစ်သည်။ အရည်အချင်း နှလုံးသွင်းဉာဏ် ကြံအား စည်အား ၃ ပါးသောရာဇ, ဓမ္မ, လောကအရေးတို့၌လည်း မြင်းပြေးသကဲ့သို့ လျင်သောပညာ, ရှင်သောပညာနှင့် ပြည်စုံသဖြင့်၊ အကုန်နားလည် ကျွမ်းကျင်၍ သိမြင်လိမ္မာသောသူတစ်ယောက်လည်း ဖြစ်သည်။ သို့အတွက် ငါ၏ကျွန်ကို မြေဝန်ခန့်ထား၍ မြို့စား ပေးတော်မူမည်။ ရွှေနန်းတော်ကြီးအဆင်း မင်းမှုးမတ်တို့တက်ဆင်းရာ လှေကားတော်အပါး


mgyoe.com

mgyoe.com SAMPLE BOOK
အလျား ၇ တာ၊ အနံ ၇ တောင်၊ ကုန်အောင်စားပိုင်စေ။ မြေဝန် ခန့်တော်မူသည် မောင်မင်း'' ဟု ညှံ့ဖျင်းလေအောင် ပြောင်လှောင်သောစကားဖြင့် မိန့်ကြား ထုတ်ပြန်တော်မူလေ၏။

ထိုအခါ အမတ်ကြီး ဦးပေါ်ဦးက စိတ်ကူးကြံစည်သည်မှာ

'ငါ့အား ဘဝရှင်မင်းတရားကြီးဘုရားက 'လှေကားတော် အတက် အဆင်း နင်းလျှောက်သွားလေရာ မဟာပထဝီမြေကြီးကို အပြီးစားပိုင်စေ'ဟု အမိန့်တော်မြွတ် မှတ်တော်မူသည်မှာ အခွန်ဘဏ္ဍာတော်ကို မဆို။ 'မြေကြီးကို စားတော့' ဟု ကျီးစားလိုသောသဘောထားနှင့် မင်းတရားကြီး မိန့်တော်မူရင်း ဖြစ်သည်။ သို့သော်လည်း အချည်းအနှီးမဖြစ်ရလေအောင် ကြံဆောင်ပြုလုပ်မှ သင့်လျော်မည်' ဟု ကြံအောက်မေ့ပြီးလျှင်၊

'ဤနန်းတော်ကို အတွင်းသို့ ချဉ်းနင်းဝင်ရောက်သူ လူဟူသမျှ မိန်းမ၊ ယောကျ်ားအများကို လှေကားကနေ၍ အခွန်တောင်းမည်' ဟု ကြံရည်နှလုံးထား၍ နန်းတော်လှေကားက စောင့်စားငုံ့ဆိုင်းလျက်၊ လာတိုင်း လာတိုင်းသောလူအပေါင်း ကို ငွေတောင်း၍ စားသုံးသတတ်။

ဤကဲ့သို့ နန်းတော်သို့ဝင်သော အရာရှိ မှူးမတ်မကျန် တောင်းခံသော အခွန်ကို 'မြေဝန်'ဟုဆိုသောကြောင့် နစ်နှောနှောင့်နှေးခြင်း မရှိ။ ပေးသွင်းပြီးမှ နန်းတော်တွင်းသို့ ဝင်ကြရကုန်သတည်း။

တစ်နေ့တစ်၌ ဝန်ကြီး ၄ ပါးသို့ မင်းပါးသို့ဝင်ရန် ညီလာခံအထွက်နှင့် ရုတ်တရက်ဝင်သွားရာ လှေကားကစောင့်နေသူ အမတ်ကြီးဦးပေါ်ဦးက ''ရာထူး ရှိသူ မြေဝန်ဖြစ်၍ ဧကရာဇ်အမိန့်တော်ကို မလွန်ဘဲ မြေခွန်ပေးစေ'' ဟု ၄ ပါး သော ဝန်ကြီးတို့ကိုတောင်းလျှင်၊ အကြောင်းပင် မဟုတ်ငြားသော်လည်း ပေးသွား ကြရလေ၏။

ဝန်ကြီး ၄ ပါးတို့သည် အတွင်းတံခါးသို့ဝင်၍ ညီလာခံသဘင်၌ ခစားမိလျှင်၊ 'ဘဝရှင်မင်းတရားကြီး၏ ငယ်ကျွန် ဝန်ပေါ်ဦးသည် လွန်ကျူး နှိပ်စက် နိုင်ထက်တမူ လာလာသမျှလူတို့ကို မြေခွန်ယူ၍ တောင်းခံစားသောက်ပါ ကြောင်း' နှင့် သံတော်ဦးတင်လျှင်၊ ဘဝရှင်မင်းတရားကြီးက


mgyoe.com

mgyoe.com SAMPLE BOOK

"ပေါ်ဦးသည် ရှူးချင်သမျှရှူး၍ စိတ်ကူးရတိုင်း ပြုသည်။ ယခုခေါ် ချေ" ဟု အမိန့်တော်ရှိသဖြင့်၊ အမတ်ကြီးဦးပေါ်ဦးကို ခေါ်၍ ရှေ့တော်သို့ရောက်သောအခါ

"ပေါ်ဦး။ မောင်မင်း မြေကြီးကိုစားစေ" ဟု လေ့ကားတော်အဆင်းက မြေကို ပေးမိသည်မှာ ခွေးနှင့် အရောဝင်မိသကဲ့သို့ ရှိသည်။ ထို့အတွက် မောင်မင်းသည် 'မြေဝန်' အရာနှင့် မလျော်။ 'လေဝန်' ခန့်သော် သင့်တန်ရာ၏။ သည်ယနေ့ကစပြီး၊ မြေဝန်အရာကို နုတ်မည်။ လေဝန် လုပ်စေ" ဟု အမိန့်တော်မြွတ် မှတ်တော်မူပြန်၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည် မြစ်နဖူး ကမ်းထိပ်ကနေ၍ လှေတွင်ရွက်စိုက်လျက် လှေလိုက်သောသူ လူဟူသမျှအပေါင်း မြစ်ကြောင်းရှိလှေသူကြီးတို့ကို ခေါ်ပြီးလျှင်၊ "အသင်တို့ကို ဘယ်သူက အမိန့်ပေး၍ ရွက်ထူကြသနည်း။ 'လေ' ဟူသမျှ ငါကချည်း ပိုင်ဆိုင်သည်။ ရွက်တိုင်ထူချင်လျှင် ငွေယူခဲ့ကြ" ဟု ခြောက်ခြိမ်းလျက် ဝေါက်ငန်းမြည်တွန်၍ လေခွန်တောင်းစားခြင်း။ ဤမှတစ်ပါး ပန်းထိမ်၊ ပန်းပဲ လေကိုစွဲ၍ အသက်မွေးသူများ ဖိုသမားတို့၌ အခွန်တောင်းခြင်းကို ပြု၏။

ထိုအခါ ဝန်ကြီးများ ကြားသိပြန်၍ ထပ်မံလျှောက်ကြားပြန်၏။

"အရှင်ဘုရား၏ငယ်ကျွန် ပေါ်ဦးဝန်သည် လေခွန်တောင်း၍ မြစ်ကြောင်း၌ နှောင့်ယှက်နေပြန်ပါသည် ဘုရား" ဟု လျှောက်ထားသံတော်ဦး တင်ကြရာ၊ ဘဝရှင်ဘိုးတော်မင်းတရား မိန့်ကြားတော်မူပြန်သည်မှာ-

"ပေါ်ဦးသည် မြေဝန်ခန့်သောအခါကလည်း မြေခွန် တောင်းလျက် အကြောင်းမဟုတ် ဆိုးချင်သည်။ ယခုတစ်ဖန် ထပ်မံရော်ရမ်း၍ အလိုစမ်း လေဝန်ခန့်ပြန်လည်းတစ်တန် 'လေခွန်' ဆို၍ အလိုလို တောင်းယူပြန်သည်။ ကျွန်ုပ်ပေါ်ဦး ဆိုးတိုင်းမလွတ်ဘဲ ရာဇဝတ်တော်ပေးရမည် ဆိုသော်လည်း ကိုယ်တော်၌ သူ၏ ကျေးဇူး အထူးရှိပါပေသည်။ ငါ အထွတ်အထိပ်သို့မရောက်မီ အခါကမင်


mgyoe.com

mgyoe.com SAMPLE BOOK

အိမ်တော်ပါကျွန်ရင်း ဖြစ်သည်။ သို့အတွက် အပြစ် မပေးလိုပြီ။ ပေါ်ဦးကိုသာ ခေါ်ချေ'' ဟုစေတော်မူ၍၊ ခေါ်သူနှင့်တကွ အမတ်ကြီးဦးပေါ်ဦး ရှေ့သို့ ရောက်လျှင်

''သင်၏သဘောကို ငါသိလို၍ ပထမတစ်ကြိမ် မြေဝန် ခန့်သည်။ နောက် ဒုတိယတစ်ဖန်နှင့် ဉာဏ်ကိုသိချင်၍ 'လေဝန်' ဟု အမည် ပေးပြန်သည်။ အတန့်တန့်ဆိုး၍ မြစ်ရိုးတစ်လျှောက်မှာ အခွန်တောင်းသည်။ မောင်မင်း မကောင်းတိုင်း ဖအောက်ကလူမိုက်ကို တုရာရောက်ချေမည်။ သည်ယနေ့ကစ၍ သင့်အား ရာထူး မပေးတော့ပြီ'' ဟု အမိန့်တော်ရှိ၍ ဦးပေါ်ဦးကို အိမ်သို့ပြန်၍ လွှတ်လိုက်၏။

အခါတစ်ပါး မင်းတရားကြီးသည် စဉ်းစားဆင်ခြင်တော်မူသည်မှာ- 'ပေါ်ဦးသည် အထူးကြံစည် ကတ်တတ်သည်။ မြေဝန်အရာ ပေးကလည်း မြေခွန်ကြေး တောင်း၊ လေဝန်အရာပေးကလည်း လေခွန်ကြေး တောင်းနှင့် ခက်ကောင်း ခက်ရတော့မည်။ သို့ရာတွင် ပေါ်ဦး၏စိတ် ငြိမ်၊မငြိမ်ကို သည်တစ်ကြိမ် အကဲစမ်းဦးမည်' ဟု နှလုံးသွင်းလျက်၊ မင်းချင်းတစ်ယောက်ကို အမိန့်တော်ရှိသည်မှာ-

''မောင်မင်း။ ပေါ်ဦး၏ခေါင်းရင်းသို့ သွား၍ ချေးယိုချေ။ 'အဘယ့်ကြောင့် ငါ၏အိမ်ဦးမှာ ကျူးလွန်ရသနည်း' ဟု မေးသော်၊ 'ဘုန်းတော်ကြီးဘုရားက ပေါ်ဦးအိမ်သို့ သွား၍ ချေးယိုချေ' ခိုင်းသောကြောင့် မဆိုင်းမတွပြုရပါသည်' ပြောလေ'' ဟု စေလိုက်လျှင်၊

မင်းချင်းယောက်ျားလည်း မင်းတရားအမိန့်တော်အတိုင်း ဦးပေါ်ဦး အိမ်ခေါင်းရင်းသို့ ချဉ်းနင်းထိုင်နားလျက် ချေးသွား၍ယိုမည် ပြုလေသတည်း။ ထိုသို့ မင်းချင်းယောက်ျား အိမ်နား၌ ချေးယိုမည်ပြုသည်ကို အမတ်ကြီးဦးပေါ်ဦး မြင်ရာ

''အသင် အဘယ်ကြောင့် ငါ၏အိမ်ရှေ့တွင် သိမ်မွေ့ပြောင်စင်စွာ တံမြက်လှည်းထားသောတလင်း၌ ချေးယိုခြင်းကိစ္စကို ပြုရသနည်း'' ဟုမေးလျှင်၊ ယခင်မင်းချင်းယောက်ျားက


mgyoe.com

mgyoe.com SAMPLE BOOK

"ကျွန်တော်မျိုးအား ဘုန်းတော်ကြီးဘုရားက 'ပေါ်ဦး၏အိမ်အပါးတွင် ချေးသွားယိုချေ' ခိုင်းစေတော်မူသောကြောင့် သဘောတော်နှစ်ခြိုက်အောင် ရှိင်းမိုက်ရပါသည်" ဟု ပြောရာ၊ ထိုအခါ အမတ်ကြီးဦးပေါ်ဦးသည် စိတ်ကူး လျင်မြန်အကြံကောင်းသော ပညာရှိတစ်ဦးဖြစ်ရကား

"မင်းတရားအမိန့်တော်ပါလျှင် ယိုသာယိုပါ။ သို့ရာတွင် သင့်အား အမိန့်တော်ပေးသည်မှာ 'ချေးကိုသာ ယိုစေ' ဟု ပါရှိသည်။ သို့ဖြစ်၍ ချေးကိုသာ ယို။ သေး မထွက်စေနှင့်။ ချေးသက်သက်သာ မဟုတ်ဘဲ သေးတစ်စက် ကျခဲ့လျှင် နေရာကမထခင် အသေသတ်မည်" ဟု မတ်တတ်ရပ်ကာ ဓားမိုးလျက် စောင့် နေလေသတည်း။

ထိုအခါ မင်းချင်းယောကျ်ားသည် ချေးယိုမည်ရှိဆဲတွင် ဓားဝဲ၍ထား သဖြင့် စဉ်းစားမိသည်မှာ

'ငါသည် မင်းတရားကြီးအမိန့်တော်အတိုင်း အကယ်၍ချေးယိုလျှင် ချေးတွင် မပြီး။ သေးလည်း ထွက်မည်ဧကန် ဖြစ်သည်။ အကယ်တစ်ဖန် သေးထွက်ပြန်လည်း အမှန်ပင် ဓားနှင့်ခုတ်တော့မည်' ဟု ရုတ်တရက် ထိုင်ရာမှ ထ၍ နန်းတော်သို့ ပြန်ရလေ၏။

ရွှေတော်သို့ ရောက်သောအခါ ထင်သည်မှာကား-

"ဘုန်းတော်ကြောင့် ဘဝရှင်မင်းတရားကြီးက 'ဦးပေါ်ဦးအိမ်နားတွင် ချေးသွားယိုချေ' အမိန့်တော်ရှိသဖြင့် ဦးပေါ်ဦး၏အိမ်တွင် ချေးယိုမည်ဟု ထိုင်သည်တွင် ဦးပေါ်ဦးမြင်သောကြောင့် 'အသင် ဘာလုပ်သနည်း' မေးလျှင်၊ 'ဘဝရှင်မင်းတရားက ချေးသွားယိုချေ ခိုင်းလိုက်၍ ရှိင်းမိုက်ရပါသည်' ပြန်ပြော ရာ၊ ဦးပေါ်ဦးက 'အမိန့်တော်ပါလျှင် ယိုသာယိုပါ။ သို့သော် သင့်အား အမိန့်တော် ပေးသည်မှာ 'ချေးကိုသာ ယိုချေ' ပါဘိသည်။ သို့ဖြစ်၍ 'ချေးကိုသာ ယို၊ သေး မထွက်စေနှင့်။ ချေးသက်သက်သာ မဟုတ်ဘဲလျက် သေးထွက်၍ကျခဲ့လျှင် ထိုင်ရာကမထခင် အသေသတ်မည်' ဟု မတ်တတ်ရပ်က ဓားမိုးလျက် စောင့် နေပါသည်။ ဘုရားကျွန်တော်မျိုးလည်း အားကိုးရာ မရ။ သေးထွက်၍ကျခဲ့လျှင်


mgyoe.com

mgyoe.com SAMPLE BOOK
မထခင် ခုတ်မည်အတွက်ကြောင့် ရုတ်တရက်ထပြီးလျှင် ချေးမယိုဝံ့ဘဲ ပြန်ခဲ့ရပါကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ပါသည် ဘုရား'' ဟု လျှောက်ထား သံတော်ဦးတင်လေ၏။

ထိုအခါ မင်းတရားကြီးဘုရားသည် စဉ်းစားလျက် ပြုံးတော်မူပြီးလျှင် ''ပေါ်ဦးကို ရူးသည်ဟုသာ ဆိုရသည်။ ဘယ်လိုပင်ကြံစေသော်လည်း သူ့ဆင်ခြင်နှင့် မလွတ်အောင် ရှိတော့သည်'' ဟု မိန့်တော်မူရဖူးလေသတည်း။

ဤဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရာကြီးသည် အမတ်ကြီး ဦးပေါ်ဦးအား အမျက်တော်မအိုက် အလိုလိုက်တော်မူခြင်းသည် မင်းအဖြစ်သို့ မရောက်မီကပင် ဆင်းရဲဖော် ချမ်းသာဖက် အသက်ကိုအပ်နှင်း ဝပ်စင်းဆောင်ရွက်သူတစ်ယောက် ချီးမြှင့်ထိုက်သောသူဖြစ်ရကား၊ 'သမာန သုခဒုက္ခော-ချမ်းသာဖက်, ဆင်းရဲဖက်ဖြစ်သော၊ သုဟဒေါ-ကောင်းစွာဖြောင့်မတ်သော စိတ်နှလုံးရှိသော၊ မိတ္တော-အဆွေခင်ပွန်းလက္ခဏာ၌ တည်သော ကျေးကျွန်ဟောင်းကို၊ ဝေဒိတဗ္ဗော-သိအပ်၏။ ဝါ-ဆောင်ရွက်ဖူးသည့် ကျေးဇူးကို ထောက်လျက် ချီးမြှင့်တော်မူအပ်၏' ဟူသော ကျမ်းဂန်လာရှိသည်နှင့်အညီ ဦးပေါ်ဦး၌ အထူးချီးမြှင့်တော်မူခြင်း ဖြစ်သတည်း။ ။ (ဤကားအမှာ)

❖ ❖ ❖


mgyoe.com

mgyoe.com SAMPLE BOOK

## ၇ - မြင်းစုဝန်ဦးမြတ်ထင်ကို ငယ်စဉ်ကပင်ထမ်းရွက်ဖူးသူဖြစ်၍ ကျေးဇူးရှိသည့် အလိုက် ချီးမြှောက်ထိုက်ကြောင်းနှင့် အမတ်ကြီးဦးပေါ်ဦးက သံတော်ဦး တင်သောအကြောင်း

အမရပူရ ပထမမြို့နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးသည် အထွတ်အထိပ်သို့ ရောက်တော်မမူမီ ရှေးမဆွကပင် ကိုယ်တော်နှင့်မခြားအားထားလက်စွဲ ဆင်းရဲဖော်၊ ချမ်းသာဖက်ဖြစ်သော ကျွန်ယုံတော်များကားဘိုးတော်မင်းတရားကြီး၏ အစ်မတော်ဖုရားသား တူတော်အရင်း သခင် ဦးရွှေသားနှင့်အတူ ရန်ကုန်မြို့ကို အလှည့်ကျ ၃ နှစ်စီ အုပ်ချုပ်ရသဖြင့် ဘဝရှင်မင်းတရားကြီး၏ သူကောင်းပြုတော်မူသည်ကိုခံရသော ရန်ကုန်မင်းကြီး ဦးကျော်ရွှေ တစ်ယောက်၊ ရာဇသင်္ကြန်နာမံတံဆိပ် ခတ်နှိပ်သူကောင်းပြုတော်မူသည်ကိုခံရသော ဖြဲတိုက်အတွင်းဝန် မင်းကြီးဦးပေါ်ဦး တစ်ယောက်၊ မြင်းစုဝန် ဦးမြတ်ထင်တစ်ယောက်၊ ထို ၃ ယောက်သော ကျွန်တော်မျိုးတို့သည် ဘိုးတော်မင်းတရားကြီးထံ အမှုတော်ကို အတူထမ်းရွက်ကြကုန်သတည်း။ ထို ၃ ယောက်တို့တွင်



mgyoe.com

mgyoe.com SAMPLE BOOK

မြင်းစုဝန်ကြီးဦးမြတ်ထင်မှာ ဘိုးတော်မင်းတရားကြီး ရွှေထီး၊ ရွှေနန်း သိမ်းမြန်းစိုးစံတော်မူခါနီးတွင်မှ ခေတ္တ မိမိနေရပ်သို့ပြန်သွားပြီးလျှင် မင်းကွန်းတစ်ဖက် အာလောင်ကျွန်းတွင် ဖရုံ, ဖရဲ, ပဲ အစရှိသော သစ်စေ့သစ်ပင် များကို စိုက်ပျိုးလုပ်ကိုင် နေထိုင်စားသောက်၍ ကာလအတန်ကြာ၏။

ဘိုးတော်မင်းတရားထံ အမှုတော်ကိုထမ်းရွက်၍ကျန်ရစ်သူ ရန်ကုန်ဝန်ကြီး ဦးကျော်ရွှေ, ဖြဲတိုက်အတွင်းဝန် ဦးပေါ်ဦးတို့မှာ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်ဘိုးတော်မင်းတရားကြီး ရွှေထီးရွှေနန်း သိမ်းမြန်းစိုးစံတော်မူ၍ အထွတ်အထိပ်သို့ရောက်တော်မူသဖြင့် အသီးအသီး ရာထူးဌာနန္တရကို ရကြလေကုန်၏။

မြင်းစုဝန်ကြီး ဦးမြတ်ထင်သည် အရှင်သခင်ဖြစ်သော ဘိုးတော်မင်းတရားကြီး မင်းအဖြစ်သို့ ရောက်တော်မူကြောင်းကို ကြားသဖြင့် 'သွားမှလျော်မည်' ဟု အကြံရှိလျက် မိမိ၏ကုသိုလ်ကံ စီမံဆော်နှိုး အကျိုးပေးချိန်တန်လတ်ရကား၊ မိမိ လုပ်ကိုင်စိုက်ပျိုးထားသော ယာခင်းမှ ဖရုံ၊ ဖရဲ စသော အသီးတို့ကို တောင်းကြီး နှစ်လုံးတွင် ထည့်၍ ဆိုင်း, ထမ်းပိုးတို့နှင့် ထမ်းဆောင်လျက် ဆက်သရန်ရည်ပြီးလျှင် နေပြည်တော်ဖြစ်သော ရတနာပူရမြို့သို့ ဝင်လေ၏။

နန်းတော်သို့ဝင်ရန် ခက်ခဲသည့်နှင့် 'နံနက်မှ သွားမည်' ဟု ပွဲစားတစ်ဦးအိမ်တွင် တည်းခို၍ခေတ္တနေထိုင်ရာ၊ အထက်က သူငယ်ချင်းဖြစ်သူ ရန်ကုန်ဝန်ကြီး ဦးကျော်ရွှေသည် ၃ နှစ်စေ့၍ ရန်ကုန်မြို့မှ ဆန်တက်ပြီးခါ ရတနာပူရ အဝဆိပ်ကမ်းသို့ ဆိုက်ရောက်သဖြင့် နန်းတော်သို့ဝင်ရာ၊ ယခင်ပွဲစားအိမ်တွင် ဦးမြတ်ထင်ကိုမြင်လျှင် 'ငယ်စဉ်က သူငယ်ချင်းတည်း' ဟု မှတ်မိသတိရလေသတည်း။ ထိုသို့ပင် သတိရသော်လည်း ငယ်စဉ်ကပင် ဦးမြတ်ထင်သည် ချစ်ခင်သည့်အလျောက် ငေါက်ငန်း ပြောဆိုတတ်သည်ကို သိ၏။ မိမိဂုဏ်သရေကို ငဲ့ကွက်သဖြင့် နှုတ်မဆက်ဘဲသွားလေ၏။

ဦးမြတ်ထင်လည်း နံနက်မိုးလင်းသော် ထမ်းဆောင်ခဲ့ရင်းအတိုင်း ထမ်းပိုး၍ နန်းတော်သို့ ဝင်ပြီးလျှင်၊ မှန်နန်းဆောင် အပါး မောင်းမလည်တန်းလျားက ခစားဝပ်လျှိုး၍ နေသတည်း။



mgyoe.com

mgyoe.com SAMPLE BOOK

ထိုအခါ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်ဘိုးတော်မင်းတရားလည်း မှန်းနန်းဆောင်တွင် စံတော်မူခိုက်ဖြစ်၍ အလိုက်သင့်မြင်တော်မူသည်နှင့် ခြေတော်ဖြင့် နဖူးကို မပြီးလျှင် ''မြတ်ထင် မဟုတ်လော'' ဟု မေးတော်မူရာ၊ ''ဟုတ်မှန်ပါကြောင်း'' သံတော်ဦးတင်လေသော်၊ ဘိုးတော်မင်းတရားက မိန့်ကြားတော်မူသည်မှာ

''မြတ်ထင်သည် အိမ်တော်မှာ စံစဉ်ကတည်းက ပြန်သွားသည် ကြာအားကြီးလှဘိတကား။ လူများ သို့လောက်မိုက်တော့ အလိုက်မသိအောင်ဖြစ်တော့သည်။ အကယ်ဆိုလျှင် ကိုယ်၏သခင် မင်းအဖြစ်သို့ရောက်သည်ကို ကြားက အပါးတော်သို့ လာရောက်သင့်သည်။ မောင်မင်း ပြန်သွား၍ အပါးတော်မှာကျန်ရစ်သူ ကျော်ရွေးနှင့် ပေါ်ဦးတို့မှာ ရာထူးဌာနန္တရ အသီးသီးရကြကုန်ပြီ။ မောင်မင်းလည်း ထိုသူများကဲ့သို့ အပါးတော်တွင် ယခင်ကတည်းကရှိခဲ့လျှင် သေနာပတိဝန်ကြီး မခန့်ရပါလား'' ဟု များစွာ အပြစ်တင်တော်မူပြီးလျှင်၊ ရွှေချိန်အခွက် ၁၀ ဆုသနား၍၊ ''သုံးစားလေတော့'' ဟု မိန့်တော်မူပြီးလျှင် နေရပ်သို့ပြန်ရန် အခွင့် ပေးတော်မူလိုက်၏။

ဦးမြတ်ထင်လည်း ဘုရင်မင်းမြတ်အပါးတော်မှ ထ၍ပြန်သွားသဖြင့် နန်းတော်တံခါး၏ အပြင်သို့ ရောက်လျှင်၊ ဘဝရှင်မင်းတရားကြီးဘုရားက 'သင့်အား ဝန်ကြီး မခန့်ရလေသလား' ဟု မိန့်ကြားတော်မူသည်ကို အမြဲမှတ်ပြီးလျှင်၊ နေရပ်သို့ မပြန်မူ၍ ဆုယူခဲ့သော ရွှေချိန်အခွက် ၁၀ ကို စလွယ်၊ နားတောင်း၊ ဗောင်း၊ ထီး၊ ဖလားနှင့်တကွ လုပ်ဆောင်ပြီးလျှင်၊ ဝန်ကြီးတို့၏ အဆောင်အရွက်များကို မိမိသဘောအတိုင်းဝတ်ဆင်လျက် လွှတ်တော်တွင် တက်၍နေလေ၏။

ဝန်ကြီး ၄ ပါးတို့သည် တရားစစ်မေး တိုင်းရေးပြည်မှု ကြည့်ရှုရွက်ဆောင်ရန်အတွက် လွှတ်တက် ကြွလာကြသောအခါ ရာထူးမရှိ မိမိသဘောအလျောက် ဝတ်ဆင်လျက် လွှတ်တော်တွင် တက်၍နေသည်ကို မြင်လျှင်၊ ဆင်ခြင်စဉ်းစားလျက် 'ဘယ်သူ့အားမျှ ဝန်ကြီးအရာ ပေးသည်' ဟူ၍လည်း မကြား။



mgyoe.com

mgyoe.com SAMPLE BOOK

ဝန်ကြီး ၄ ပါးထက် ပို၍လည်း ထားရှိ မဟုတ်။ မင်းတရားကြီး ရွှေနားတော်ကြား အောင် လျှောက်ထားသံတော်ဦးတင်မှ သင့်လျော်မည်' ဟု နှလုံးပိုက်၍ ဖြဲတိုက်အတွင်းဝန်မင်း ဦးပေါ်ဦးသို့ ပြောကြားရာ၊ လျင်စွာ လိုက်လာကြည့်ရှုလျှင် ပင် မိမိသူငယ်ချင်း မြတ်ထင်မှန်း သိသော်လည်း ပရိယာယ်သဘောဖြင့် မသိသော အသွင်ကဲ့သို့ လွှတ်တော်မှဆင်းခဲ့၍၊ မင်းတရားအား လျှောက်ထားသံတော်ဦး တင်သည်မှာ–

"တောတွင်းက ကျွန်တော်ရင်း ငမြတ်ထင်သည် ရွှေစင်ဖြစ်သော နားတောင်း၊ ဗောင်း၊ ထီး၊ ဖလားနှင့်တကွ ဝန်ကြီးများအဆောင်အရွက်ကို ဝတ်ဆင်ပြီးလျှင် လွှတ်တော်တွင် တက်၍နေပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင် ဝံ့ပါသည်ဘုရား" ဟူ၍လျှောက်တင်လျှင်၊ ဘဝရှင် မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်မှာ–

"ပေါ်ဦး။ ငါသည် မြတ်ထင်ကို ဝန်ကြီးအရာ မပေး။ ရှေးက ထမ်းရွက်ဖူးသည့် ကျေးဇူးကိုဆင်ခြင်၍ 'ရွှေစင်အခွက် ၁၀ များကိုသာ သုံးစားလေတော့' ဟု ယမန်နေ့က ပေး၍လွှတ်လိုက်သည်။ 'သင်လည်း ပေါ်ဦးတို့ကဲ့သို့ ငါနှင့်နီးက ဝန်ကြီး မခန့်ရလေလား' ဟု ပြောလိုက်သည်ကို အမိုက်ကောင် အဟုတ်မှတ်ဟန် ရှိသည်။ မြတ်ထင်ကို ရှေ့တော် သွင်းစေ" ဟု အမိန့်တော်နှင့် ခေါ်၍၊ ရှေ့သို့ ရောက်သောအခါ

"မြတ်ထင်။ မောင်မင်းသည် ဝန်ကြီး၏ အစီးအနင်း အဆောင်အရွက် များကိုဝတ်ဆင်လျက် လွှတ်တော်တွင် တက်၍နေကြောင်းနှင့် သံတော်ဦး တင်လာသည်။ ဟုတ်မှန်သလော" ဟု မေးတော်မူရာ၊ "ဟုတ်မှန်ပါကြောင်း" သံတော်ဦးတင်လျှင်၊

"သင် အဘယ့်ကြောင့် ဤကဲ့သို့ ပြုလုပ်ရသနည်း" ဟု မေးတော်မူ၏။ ထိုအခါ

ဦးမြတ်ထင်က "ဘုန်းတော်ကြောင့် ဘဝရှင်မင်း တရားကြီးဘုရားက 'ဝန်ကြီး မခန့်ရလေလား' ဟု မိန့်ကြားတော်မူသည်ကို နှလုံးပိုက်လျက်



mgyoe.com

mgyoe.com
SAMPLE BOOK
ဖြစ်ထိုက်သည်အထင်နှင့် ဝန်ရှင်တော်မင်းကြီးအဆောင်အရွက်နှင့် လွတ်တက်မိပါသည်ဘုရား'' ဟုတင်လျှောက် ဘုရင်မင်းမြတ်နှင့် တကွအပါးတော်ရှိ မင်းပရိသတ်တို့သည် စကားရပ်သည်နှင့်တစ်ပြိုင်နက် ရယ်မောကြကုန်၏။

ဘဝရှင်ဘိုးတော်မင်းတရားကြီးလည်း အပါးတွင်ရှိသော အတွင်းဝန် အမတ်ကြီးဦးပေါ်ဦးအား မိန့်ကြားတော်မူသည်မှာ-

''ပေါ်ဦး။ မြတ်ထင်သည် အိမ်တော်တွင် စံဆဲအခါကတည်းကပင် ငါအရှင်၏အကျိုးကို သယ်ပိုးရွက်ဆောင်ဖူးသည်။ ရာထူးကိုအလိုရှိက ပေးထိုက်လှတော့သည်ပင်။ သို့ဖြစ်၍ မြတ်ထင် အရူးနှင့် အဘယ်ရာထူးမှ သင့်လျော်မည်နည်း'' ဟု မေးတော်မူ၏။

ထိုအခါ အတွင်းဝန် ဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ-

''ဘုန်းတော်ကြောင့် တိုင်းရှင်ပြည်ရှင် ဘုရင်မင်းမြတ်တို့သည် မှူးမတ်ကျေးကျွန်တို့၌ သင့်တော်ရာရွေးကောက်၍ ချီးမြှင့်ထိုက်ကြောင်းကို ကျမ်းဟောင်းတို့၌လည်း လာရှိပါသည်။ သခင်မြင့်က ကျွန် တင့်ပြန်သည် ဟူသကဲ့သို့ မောင်မြတ်ထင်သည်လည်း အရှင် အထွတ်အထိပ်သို့မရောက်မီကပင် ဝင်ရောက်ခစားဖူးသူ ဖြစ်သည်အားလျော်စွာ အရှင်မှာ လည်း မဟာဓေရာဇ်မင်းမြတ်အဖြစ်သို့ ရောက်သဖြင့် ချီးမြှောက်ထိုက်ပါသည်။ သို့အတွက် ချမ်းသာဖော်၊ ဆင်းရဲဖက်ဖြစ်သော မောင်မြတ်ထင်ကို မြင်းစုဝန် ခန့်သင့်ပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ဝံ့ပါသည် ဘုရား'' ဟုတင်လျှောက်၊ ဘဝရှင်မင်းတရားကြီးက

''ယခု ပေါ်ဦး သံတော်ဦးတင်သည့်အတိုင်း မြတ်ထင်ကို မြင်းစုဝန် ခန့်တော်မူသည်။ ကြည်ဖြူစွာ အမှုတော်ကိုထမ်း၍ ချမ်းသာစွာနေစေ'' အမိန့်တော်မှတ်၍ ဦးမြတ်ထင်သည် မြင်းစုဝန် ဖြစ်လေသတည်း။ ။

❖ ❖ ❖

mgyoe.com

mgyoe.com SAMPLE BOOK

## ၈ - အမရပူရမြို့တည် ဘိုးတော်မင်းတရားကြီးက သက္ကရာဇ်ဖြိုဟန်ကို မေးတော် မူ၍ အမတ်ကြီးဦးပေါ်ဦးက စိဋ္ဌမာနဝတ္ထုကို ပုံပြု၍ သံတော်ဦး တင်သောအကြောင်း

အမရပူရ ပထမမြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးသည် နက္ခတ်တာရာ များစွာသောကြယ်အပေါင်းတို့အလယ်တွင် တင့်တယ်သော လမင်း၏ အသရေကဲ့သို့လည်းကောင်း၊ ဆင်များအပေါင်း ရှစ်သောင်းတို့ဖြင့်ခြံရံအပ်သော ဆဒ္ဒန်ဆင်မင်း၏ အသရေကဲ့သို့လည်းကောင်း၊ သားအပေါင်းတို့ဖြင့်ခြံရံအပ်သော ကေသရာဇာခြင်္သေ့မင်း၏ အသရေကဲ့သို့လည်းကောင်း၊ ဟင်္သာ ၉ သောင်းတို့ဖြင့် ခြံရံအပ်သော ဓတရဋ္ဌဟင်္သာမင်း၏ အသရေကဲ့သို့လည်းကောင်း၊ မင်းအပေါင်းတို့ ခညောင်းစည်းဝေးသော ၄ ကျွန်း အထွတ် စက္ကဝတ်မင်းဖျား၏ အသရေကဲ့သို့လည်းကောင်း၊ နတ်အပေါင်းတို့ဖြင့် ခြံရံအပ်သော မဟာဗြဟ္မာမင်းကြီး၏ အသရေကဲ့သို့လည်းကောင်း၊ မှူးမတ် ပရိသတ်အပေါင်းတို့ဖြင့်ခြံရံလျက် အလွန်ကြီးကျယ် အံ့ဩဖွယ်သော မင်း၏


mgyoe.com

mgyoe.com SAMPLE BOOK

အသရေတော်ကိုဆောင်လျက် နံနက်ညီလာခံသဘင် ဆင်ယင်ကျင်းပတော်မူရာဝယ် အမိန့်တော်ရှိသည်ကား–

"မောင်မင်းများတို့။ ရှေးသရေခေတ္တရာပြည် သုမုန္ဒရီမင်း လက်ထက်တော်၌ ဒေါဒေါရသနှစ် သက္ကရာဇ်ဖြိုခဲ့သည့် တစ်ကြိမ်၊ ထို့နောက် ပေါက္ကံပြည်မင်းတရား ပုပ္ပားစောရဟန်းလက်ထက်က ခဆပဋ္ဌနှစ် သက္ကရာဇ်ကို အသစ်ပြု၍ ဖြိုဖျက်ကြသည်မှာ အမှန်ပင်ပြိုပျက်လေသလော။ သို့တည်းမဟုတ် အုပ်ချုပ်စီမံသော နိုင်ငံသနင်း ပြည့်ရှင်မင်းတို့ကိုကြောက်၍ မပျောက် မပြိုဘဲနှင့်ပင် အပြို ဖြစ်ရလေသလော။ အကယ်တစေ ပြိုပျက်ခဲ့ချေလျှင် ထိုထို မင်းတို့ ဖြိုခဲ့ရင်းနှစ် သက္ကရာဇ်များသည် အဘယ်သို့သွား၍ လွင့်ပါးပျောက်ပျက်လေသနည်း" ဟု အမေးတော်ရှိရာ၊

ထိုအခါ ဝန်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ–

"ဘုန်းတော်ကြောင့် ရှေးရှေးမင်းတို့ ဖြိုခဲ့ရင်း နှစ်သက္ကရာဇ်ကို နစ်နစ်နဲနဲ ဝေခွဲစိတ်ဖန်၍ ကြံစည်တော်မူခြင်းမှာ လွန်စွာ ချီးမွမ်းထိုက်ပါသည်။ သို့ရာတွင် နက်နက်နဲနဲနှင့် အလွဲကို တွေးမိတတ်သောကြောင့် ရှေးရှိရင်းထုံးစံ စိဋ္ဌမာနဝိကာထံသို့ရောက်၍ ကွက်ပျောက်သောအလားသို့ အကြံတော် မမှားရအောင် စဉ်းစားဆင်ခြင်တော် မူသင့်လှပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦး တင်ဝံ့ပါသည် ဘုရား" ဟု လျှောက်ထားလေလျှင်၊

ဘဝရှင် မင်းတရားကြီးက "ပေါ်ဦး။ မောင်မင်းနှိုင်းချိန်သည့် စိဋ္ဌမာနဝိကာထံရောက်၍ ကွက်ပျောက်သော ပုံကို အလုံးစုံထင်ရှားအောင် လျှောက်ထားသံတော်ဦး တင်ဦးလော့" ဟု မိန့်တော်မူလျှင်၊၏

အတွင်းဝန်မင်းကြီး ဦးပေါ်ဦးက "ဘုန်းတော်ကြောင့် မြတ်စွာဘုရားသည် ပရိသတ် ၄ ပါးအလယ် တင့်တယ်စွာစမွယ်တော်မူလျက် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအများတို့အား တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးဆုံးမဩဝါဒပေးတော်မူစဉ်အခါ သာသနာတော်မှအပ အညတိတ္ထိယအပေါင်းတို့သည် မကောင်းသော ပါပဓမ္မ ဣသာပကထ အလိုဆိုးတို့ဖြင့် လွှမ်းမိုးနှိပ်စက်သည်ဖြစ်


mgyoe.com

mgyoe.com SAMPLE BOOK

၍ အရှက်တော်ကွဲ အကျိုးနည်းလေအောင် ကိုယ်ဝန်ဆောင်မိန်းမ၏အသွင်ဖြင့် ပြုပြင်ပြီးကာ 'မြတ်စွာဘုရားသခင်ကို လင်' ဟုစွပ်စွဲချေ' ဟု တိုက်တွန်းစေခိုင်းရာ၊ မိန်းမရိုင်းဖြစ်သော စိဉ္စမာနဝိကာသည် မိန်းမတို့၏အမူအရာ ရင့်မာခြင်းသို့ရောက်သော ကိုယ်ဝန်၏အသွင် ဝမ်းဗိုက်တွင် သစ်ခွံ, သစ်ပြားကိုပိုးပြီးလျှင် ကြိုးစည်း ပြုပြင်လျက် ဘုရားသခင်စံတော်မူသော တရားဟော မဏ္ဍပ်အတွင်းသို့ ချဉ်းနင်း ဝင်ရောက်ပြီးလျှင် 'ရှင်ကြီးဂေါတမ။ သင်သည် ငါ့ကို မယားပြုပြီးမှ ယခု တရားဟော၍နေခြင်းကား အလျင်းမသင့်။ သင်နှင့် ငါ ပေါင်းသင်းသဖြင့် ဝမ်း တွင်း၌ ပဋိသန္ဓေရင့်လျက် ဖွားခွင့်အချိန် နီးချေပြီ။ မီးနေအိမ်, မီးနေထင်း, ဆီ, နနွင်းစသော ပရိက်ကို စီမံအားထုတ်လော' ဟု ဟုတ်သောအသွင်ကဲ့သို့ 'လင်' ဟု စွပ်စွဲလေသတည်း။

''မြတ်စွာဘုရားသည် 'စိဉ္စမာနဝိကာ။ သင်ယခု ပြောသောအမှု၌ ဟုတ်, မဟုတ် မှန်, မမှန်များကို သူတစ်ပါးတို့ မသိနိုင်ရာ။ သင်နှင့်ငါသာ ကောင်းစွာ သိရာ၏' ဟု မိန့်တော်မူ၏။ ထိုအခါ သိကြားမင်းသည် သနင်းထွက်တင် ၃ လူ့ရှင်အား လင်မဟုတ်ဘဲလျက် စွပ်စွဲသောအမှုကို ယခုပရိသတ်တို့မျက်မှောက်တွင် ထင်ရှားသိသာအောင် ပြုမည်ဟု နတ်သားတစ်ဦးကိုခေါ်ပြီးလျှင်၊ 'အသင်နတ်သား။ မြတ်စွာဘုရားသခင်ကို 'လင်' ဟုစွပ်စွဲသော စိဉ္စမာနဝိကာဝမ်းဗိုက်တွင် ချည်နှောင် သောကြိုးတို့ကို ကြွက်မျိုးနှင့်တူစွာ ဖန်ဆင်း၍ ချက်ချင်း ကိုက်ဖြတ်ချေ' ဟု ခိုင်းစေတော်မူရာ၊ နတ်သားလည်း သိကြားမင်း အာဏာဖြင့် ဝက်ငယ်ပမာဏ ရှိသော ကြွက်အယောင်ကို တူအောင်ဖန်ဆင်းပြီးလျှင် သနင်းထွက်တင် ရှင်ပင်ဘုရား တရားဟောတော်မူသော မဏ္ဍပ်ပရိသတ် ဘောင်သို့တက်သွား၍ စွပ်စွဲသော စိဉ္စမာနဝိကာ၏ခြေဖမိုးမှ အထက်သို့တက် သွား၍ အဝတ်ထဘီကြားသို့ ဝင်သည်ကို မြင်ကြရလေကုန်၏။

''နတ်သားလည်း ကြိုးတို့ကိုကိုက်ဖြတ်လျှင် ပျဉ်ချပ်အပိုးသည် ခြေဖမိုး၌ ကျလျက် စိဉ္စမာနဝိကာတွင် နာကျင်စွာဖြစ်၏။ နတ်သားလည်း နတ်ပြည်သို့ ပြန်လေ၏။ ထိုအခါ ပရိသတ်များ တရားနာယူ အချို့သောသူများက စဉ်းစား


mgyoe.com

mgyoe.com SAMPLE BOOK

ဆင်ခြင်သည်မှာ- 'ဝက်ငယ်ပမာဏ ကြီးလှစွာသောကြွက်မွဲကြီးသည် စိဋ္ဌမာန ခြေဖမိုးမှ တိုးလျှိုးမပျက် အထက်သို့တက်သွား၍ အဝတ်ကြားသို့ဝင်သည်မှာ မျက်မြင်ဒိဋ္ဌဖြစ်လျက် ထွက်သည်ကိုလည်း မမြင်။ အကယ်ဆိုလျှင် ကြိုးကို ဖြတ်၍ပြီးပြီ။ ကြွက်ကြီး အဘယ်သို့ သွားပါလိမ့်မည်နည်း။ ကြီးစွားသောကြွက် ဖြစ်လျက်သားနှင့် အဝတ်ကြားတွင် ပျောက်လေသည်' ဟုဆိုလျှင် အချို့သော သူများက 'အဝတ်ကြားသို့ ဝင်သည်မြင်လျှင်နှင့် မထွက်သည်ကို ချင့်ထောက်က အပေါက် သော်လည်းကောင်း, အသိုက်သော်လည်းကောင်း ရှိဟန်လက္ခဏာ တူသည်' ဟု မှတ်ယူ စဉ်းစားကြကုန်သတတ်။

"ယခုလည်း ရှေးရှေးသောမင်းတို့ ဖြိုခွဲရင်းသက္ကရာဇ် ရက်, လ, နှစ်တို့ကိုထောက် ထားလျှင် ပျောက်သွားသည့်လက္ခဏာမှာ တော်ရာသို့ ဝင်သွားဟန် တူပါကြောင်း" ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်လျှင် ဘဝရှင်မင်းတရားကြီးနှင့်တကွ များစွာသော ညီလာခံပရိသတ်အားလုံးတို့သည် တအံ့အံ့ ရယ်မောကြရဖူးလေသတည်း။

❖ ❖ ❖



mgyoe.com

mgyoe.com SAMPLE BOOK

## ၉ - မင်းတို့ သကြိန်တော်ခေါ်ခြင်းကို မေးတော်မူရာ၊ အမတ်ကြီးဦးပေါ်ဦး သံတော်ဦးတင်သောအကြောင်း

အခါတစ်ပါး ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးသည် စဉ်းစား ဆင်ခြင်တော်မူသည်မှာ- 'ရှေးရှေးသော မင်းအဆက်ဆက်မှ ငါ၏ လက်ထက် တော်တိုင် သကြိန်တော်ခေါ်ရိုး ထုံးစံ ရှိခဲ့သည်။ မည်သည့်ထုံးဟောင်း အကြောင်း သကော်တကိုမျှော်၍ သကြိန်တော်ခေါ်ရိုး ထုံးစံဖြစ်လေသနည်း' ဟု ကြံစည်တော် မူပြီးလျှင်၊ 'ပေါ်ဦးကိုမေးမှ အရေးကုန်သိရန် ရှိသည်' ဟု နှလုံးပြုလျက် နံနက် ညီလာခံသဘင် ဝန်ကြီး၊ အတွင်းဝန်တို့အစုံအလင်တွင် မေးတော်မူသည်မှာ

''ပေါ်ဦး။ မင်းဧကရာဇ်အပေါင်းတို့ ထီးဆောင်းမင်္ဂလာ ဦးကင်တော် ဖွင့်လျှင် မြို့ပြင် သင့်ရာ သကြိန်တော် ခေါ်ရသည်။ တစ်စုံတစ်ရာ ဥပါဒ်အန္တရာယ် ငြိတွယ်မကင်း အစီးအနင်းကြုံ၍ သော်လည်းကောင်း၊ ဖုသျှနက္ခတ်နှင့် ကြုံ၍ သော်လည်းကောင်း သကြိန် ခေါ်လျှင် အတွင်းတော်မှာ ခေါ်ရသည်။ ယင်းတို့ သကြိန်တော်ခေါ်ဝေါ်ထုံး ရှိသည်မှာ မည်သည့်ထုံးဟောင်း အကြောင်းသကော်တ



mgyoe.com

mgyoe.com SAMPLE BOOK

ကိုမြှော်၍ သကြ်န်တော်ခေါ်ရိုး ပြုသည်ကို ဥပဒေနည်းလမ်း ကျမ်းဂန်အထောက် အကိုးနှင့်တကွ နေရာတကျ သံတော်ဦး တင်ရမည်'' ဟု အမိန့်တော်ရှိ၏။

ထိုအခါ အတွင်းဝန် အမတ်ကြီး ဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ-

''ဘုရားအလောင်း မဟာသုတသောမ မင်းကြီးသည် ထက်ဝန်းကျင် ၃ ယူဇနာပမာဏရှိသော ခြေသည်, ဆင်, မြင်း အလုံးအရင်း အစောင့်အရှောက်နှင့် တကွ ဣန္ဒပထနဂိုရ်ပြည်ကြီးမှ 'မိဂါဇိန်' မည်သော ဥယျာဉ်ရေကန်သို့ ထွက်၍ ဖုဿျနက္ခတ်နှင့်စန်းမြတ် ယှဉ်ကြိုက်သောအခါ မဟာသကြ်န်တော်ခေါ်ကြောင်းကို အသီတိနိပါတ် မဟာသုတသောမဇာတ်၌- 'အဇ္ဇ ဖုဿနက္ခတ္တယောဂန သီသံနှာ ယိတုံအာဂတောမှိ' စသည်ဖြင့် ဟောတော်မူသည်။

''အဇ္ဇ-ယနေ့၊ ဖုဿနက္ခတ္တယောဂေန-ဖုဿျနက္ခတ်နှင့် စန်းမြတ်ယှဉ် အပ်သည်၏ အဖြစ်ကြောင့်၊ သီသံနှာယိတုံ-ဦးခေါင်းဆေးခြင်းငှာ၊ ဝါ- သကြ်န်တော်ခေါ်ခြင်းငှာ၊ ဥယျာဉ်နံ-'မိဂါဇိန်' မည်ခေါ် ဥယျာဉ်တော်သို့၊ အာဂတော-ထွက်သည်၊ အမှိ-ဖြစ်၏။ ဤသို့လာသည်ကို ထောက်၍လည်း ကောင်း။

''မဟာသုဒဿန စကြာမင်းသည် ပန္နရသီ တိထိရက်စေ့ ဥပုသ်နေ့၌ သကြ်န်တော်ခေါ်ပြီးလျှင် သီလကိုဆင်ခြင်လျက် မြတ်သောပြာသာဒ်ထက်၌ နေတော်မူစဉ် စကြာရတနာ ဆိုက်ရောက်လာကြောင်းကို မဟာသုဒဿနသုတ် ၌-

'ဣဓာနန္ဒရဘော မဟာသုဒဿနဿ တဒဟုပေါသထေ ပန္နရသေ သီသံ နှာယိတဿ ဥပရိပါသာဒ ဝရဂတဿ ဒိဗ္ဗစက္ကရတနံ ပါတုရဟောသိ၊ သဟဿာ ရံ သနေမိကံ၊ သနာဘိကံ သဗ္ဗာကာရ ပရိပူရံ။' ဟူ၍ ဟောတော် မူသည်။

''အာနန္ဒ-ဘထွေးတော်သား တရားချောင် ညီအာနန်၊ ဣဓ-ဤကုသဝတီ ပြည်ကြီး၌၊ မဟာသုဒဿနဿ-'မဟာသုဒဿန' မည်သော၊ ရညော-မင်းတရား သည်၊ ပန္နရသေ-ပန္နရသီဖြစ်သော၊ တဒဟုပေါသထေ-ထိုဥပုသ်နေ့၌၊ သီသံနှာယိ



mgyoe.com

mgyoe.com SAMPLE BOOK

တဿ–ဦးခေါင်းဆေးပြီးသည်ဖြစ်၍၊ ဝါ–သကြံန်တော်ခေါ်ပြီးသည်ဖြစ်၍၊ ဝါ–ဥပုသ်သုံးပြီးသည်ဖြစ်၍၊ ဥပရိပါသာဒ ဝရဂတဿ–မြတ်သောပြာသာဒ်ထက်၌နေစဉ်၊ သဟဿာရံ–အကန့် ၁၀၀၀ ရှိသော၊ သနေမိကံ–အကွပ်နှင့်တကွသော၊ သနာဘိကံ–ပုံတောင်းနှင့်တကွသော၊ သဗ္ဗာကာရပရိပူရံ–အခြင်းအရာအလုံးစုံနှင့်ပြည့်စုံသော၊ ဒိဗ္ဗစက္ကရတနံ–နတ်၌ဖြစ်သော စကြာရတနာသည်၊ ပါတုရဟောသိ–ထင်ရှားဖြစ်၏။ ဤသို့လာသည်ကို ထောက်၍လည်းကောင်း။

"ဤမှတစ်ပါး သိဝိတိုင်း အရိဋ္ဌပူရပြည်၌ သိဝိရာဇ်မင်းကြီးသည် ၁၆ လုံးသော နံ့သာရည်တို့ဖြင့်ချိုး၍ သကြံန်တော်ခေါ်ပြီးလျှင်၊ တန်းဆာဆင်အပ်သော ဆင်ထက်သို့ တက်စီး၍ အလှူကြီးပေးကြောင်းကို ဝီသတိနိပါတ် သိဝိဇာတ်၌ လာသည်များကို ထောက်၍လည်းကောင်း သကြံန်တော်ခေါ်ကြောင်းကို သိအပ်ပါသည်။ ဤသို့ သကြံန်တော်ခေါ်ပြီးလျှင်၊ အလှူပေးခြင်း, သီလသီတင်း စောင့်သုံးခြင်းများကိုပြုလျှင် သုဒဿနစကြာမင်းကဲ့သို့ လက်ငင်း စကြာရတနာ များဆိုက်ရောက်တတ်ပါကြောင်းကို ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင်ဝံ့ပါသည်ဘုရား" ဟုတင်လျှင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်ဘိုးတော်မင်းတရားကြီးသည် လွန်စွာအားရနှစ်သက်တော်မူလေသတည်း။ ။

❖ ❖ ❖



mgyoe.com

mgyoe.com SAMPLE BOOK

## ၁၀ - မိုင်းလုံစော်ဘွားက ဆင်ဖြူတော်ဆက်သသည်ကို လက္ခဏာစုံ၊ မစုံ မေးတော်မူရာ၊ အမတ်ကြီးဦးပေါ်ဦး သံတော်ဦးတင်သောအကြောင်း

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်ဘိုးတော်မင်းတရားကြီးသည် အမရပူရ ထီးပေါင်းခ၍ မြို့ပြထီးနန်း ဖန်ဆင်းတည်ထောင် ဘုန်းရောင်လျှမ်းလက် ဆန်းတက်သစ်စ နေအတူ စံတော်မူစဉ်အခါ မိုင်းလုံမြို့မှ မိုင်းလုံစော်ဘွားက ဆင်ဖြူတော်ရတနာ ဆက်သလာသည်ကို ကောင်းစွာခံယူတော်မူရာ လက္ခဏာကြန်အင် စုံလင်သည်၊ မစုံလင်သည်ကို အတည်ကျ သိတော်မူလိုသောကြောင့် အမိန့်တော်ရှိသည်မှာ-

"ပေါ်ဦး။ ယခု မိုင်းလုံမြို့ မှ မိုင်းလုံစော်ဘွားက ဆက်သလာသော ဆင်ရတနာသည် ဆင်ဖြူ၏လက္ခဏာ ပါရှိသည်၊ မရှိသည်များကို လျှောက်ထား သံတော်ဦး ထင်လော့" ဟု မိန့်တော်မူ၏။

ထိုအခါ အတွင်းဝန်မင်းကြီး ဦးပေါ်ဦးက သံတော်ဦး တင်သည်မှာ-

"ဘုန်းတော်ကြောင့် ဆင်ဖြူတော်၏ လက္ခဏာကို ဆင်ခြင်ရာသော အကြောင်းမှာ- 'ကာလဝကဥ္စဂင်္ဂေယျံ၊ ပဏ္ဍရံ တမ္ဗပိင်္ဂလံ၊



mgyoe.com

mgyoe.com SAMPLE BOOK

ဂန္ဓမင်္ဂဟေမဥ္စ၊ ဥပေါသထ အဒ္ဒန္တိမေ' ဟူသော ဂါထာ လာသည်နှင့်အညီ ကာလဝကဆင်၊ ဂင်္ဂေယျဆင်၊ ပဏ္ဍရဆင်၊ တမ္ဗရဆင်၊ တမ္ဗဆင်၊ ပိင်္ဂလဆင်၊ ဂန္ဓဆင်၊ မင်္ဂလာဆင်၊ ဟေမဆင်၊ ဥပေါသထဆင်၊ ဆဒ္ဒန်ဆင် ဟူ၍ ဆင်၏ အပြား ၁၀ ပါးရှိပါသည်။ ထို ၁၀ ပါးသော ဆင်မျိုးတွင်-

၁ - 'ကာလဝကဆင်' ဆိုသည်မှာ 'ကလပဗ္ဗတေ သဒ္ဒါလယတေတိ ကာလာဝကော' ဟူသော အဘိဓာန် ဋီကာ လာသည်နှင့်အညီ တောင်၌ သာယာစွာသောအသံဖြင့် အဖန်ဖန်ဟစ်အော် တတ်သောကြောင့် 'ကာလာဝက' မည်၏။ 'တတ္ထကာလဝကန္တိ ပကတိ ဟတ္ထိ ကုလံဒဋ္ဌဗ္ဗံ'' ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ လာသောကြောင့် ကာလဝကဆင်သည် 'ပကတိ နက်သောအဆင်းရှိသော ဆင်မျိုး' ဟု မှတ်အပ်၏။ 'ယံ ဒသန္န ပုရိသာနံ ကာယဗလံ၊ တံ အေကဿကာ လာဝက ဟတ္ထိနော' ဟု လာသောကြောင့် ထို ကာလာကဆင်သည် ယောကျ်ား ၁ ကျိပ်တို့အားကို ဆောင်နိုင်၏။

၂ - 'ဂင်္ဂေယျဆင်' ဆိုသည်မှာ 'ဂင်္ဂါယံဇာတောတိ ဂင်္ဂေယျော' ဟူသော အဘိဓာန်ဋီကာ လာသည် နှင့်အညီ ဂင်္ဂါမြစ်နား၌ ဖြစ်ပွားတတ်သောကြောင့် 'ဂင်္ဂေယျ' မည်၏။ (လောကီကျမ်း၌ မဟာလှေကားပန်းအဆင်းနှင့် တူသော ဆင် ဟူ၍ဆိုသည်။) 'ယံ ဒသန္န ကာလာဝကာနံဗလံ၊ တံ အေကဿဂင်္ဂေယျဿ'' ဟု လာသောကြောင့် ထိုဂင်္ဂေယျဆင်သည် ကာလာဝကဆင် ၁၀ စီး၊ ယောကျ်ား ၁၀၀ တို့၏အားကို ဆောင်နိုင်၏။ ကြာညိုပွင့်နှင့် တူသောမှန် ရှိ၏။ ဝိတုန်းတောင် နှင့် တူသောမျက်စိလည်း ရှိ၏။

၃ - 'ပဏ္ဍရဆင်' ဆိုသည်မှာ 'ပဏ္ဍရံဝဏ္ဏံယဿာတိပဏ္ဍရော' ဟူသော အဘိဓာန်ဋီကာနှင့်အညီ ဖြူသောအဆင်းရှိသောကြောင့် 'ပဏ္ဍရဆင်' မည်၏။

mgyoe.com

mgyoe.com SAMPLE BOOK

(ထိုပဏ္ဍရဆင်သည် လောကီ ကျမ်းအလိုအားဖြင့် သစ်ရွက်ရော်ကဲ့သို့ ဖျော့တော့ သောအဆင်း ရှိသည် ဟုဆိုသည်။) 'ယံဒသန္တံ ဂင်္ဂေယျာနံ၊ တံကေသ ပဏ္ဍရသ' ဟူ၍ အဋ္ဌကထာလာသောကြောင့် ထိုပဏ္ဍရဆင်သည် ဂင်္ဂေယျဆင် ၁၀ စီး၊ ကာလာဝက ဆင် ၁၀၀၊ ယောကျ်ား ၁၀၀၀ တို့၏အားကို ဆောင်နိုင်၏။ မုန်ညင်းဖြူဆီနှင့် တူသောမုန် ရှိ၏။ ငွေကျောနှင့် တူသောမျက်စိလည်း ရှိ၏။

၄ - 'တမ္ဗဆင်' ဆိုသည်မှာ 'တမ္ဗသ ဝဏ္ဏောယဿာတိမမ္ဗော' ဟူသော အဘိဓာန်ဋီကာနှင့်အညီ ကြေးနီသဏ္ဌာန် နီကြန်သောအဆင်းရှိသောကြောင့် 'တမ္ဗဆင်' မည်၏။ 'ယံဒသန္တံ ပဏ္ဍရာနံ၊ တံကေသ တမ္ဗသ' ဟု အဋ္ဌကထာ လာသောကြောင့် ထိုတမ္ဗဆင်သည် ပဏ္ဍရဆင် ၁၀ စီး၊ ဂင်္ဂေယျဆင် ၁၀၀၊ ကာလာဝက ဆင် ၁၀၀၀၊ ယောကျ်ား ၁သောင်းတို့၏အားကို ဆောင်နိုင်၏။ ပေါက်စေ့နှင့် တူသောမုန် ရှိ၏။ ကြေးနီနှင့် တူသောမျက်စိလည်း ရှိ၏။

၅ - 'ပိင်္ဂလဆင်' ဆိုသည်မှာ 'ပိင်္ဂလဝဏ္ဏံယဿာ တိပိင်္ဂလော' ဟူသော အဘိဓာန်ဋီကာနှင့်အညီ ကြောင်သောအဆင်း ရှိသောကြောင့် 'ပိင်္ဂလာဆင်' မည်၏။ ထိုပိင်္ဂလဆင်သည်ကား ပျောက်ကြားသောအဆင်း ရှိ၏။ 'ယံဒသန္တံ တမ္ဗာနံ၊ တံကေသပိင်္ဂလသ' ဟု အဋ္ဌကထာလာသောကြောင့် ထိုပိင်္ဂလဆင်သည် တမ္ဗဆင် ၁၀ စီး၊ ပဏ္ဍရဆင် ၁၀၀၊ ဂင်္ဂေယျဆင် ၁၀၀၀၊ ကာလဝကဆင် ၁သောင်း၊ ယောကျ်ားပေါင်း ၁သိန်းတို့၏အားကို ဆောင်နိုင်၏။ ပျားရည်နှင့် တူသောမုန် ရှိ၏။ ပျားရည်နှင့် တူသောမျက်စိလည်း ရှိ၏။

၆ - 'ဂန္ဓဆင်' ဆိုသည်မှာ 'ဂန္ဓေနသံယုတ္တောတိ ဂန္ဓော' ဟူသော အဘိဓာန်ဋီကာနှင့်အညီ ကောင်းသောအနံ့နှင့် ယှဉ်ခြင်းကြောင့် 'ဂန္ဓဆင်' မည်၏။ ထိုဂန္ဓဆင်၏ ဝမ်းတွင်းသို့ဝင်သမျှသော အစာအာဟာရတို့သည် နံ့သာမျိုး ၄ ပါးသာလျှင် ဖြစ်ကုန်၏။ ထို့ကြောင့် ဗိနာလင်္ကာရဋီကာ၌ 'ဂေါမဟိ သာဒီနံ



mgyoe.com

mgyoe.com SAMPLE BOOK
သာဓာရဏမ္ပိ တိဏပဏ္ဏ မလာသာဒိဂေါစရံ ဂန္ဓဟတ္ထိကုစ္ဆိမှိပဝိဋ္ဌာ စတုဇာတိ ဂန္ဓမေဝ ဟောတိ’ ဟူ၍လာသည်။ ‘ဂန္ဓ’ မည်သောဆင်တို့တွင် ‘သီလဝ’ မည်သော ဂန္ဓဆင်မင်းသည် အကြီးအကဲဆုံး ဖြစ်၏။ ထို့ကြောင့် လောကပညတ္တိ ကျမ်း၌ ‘သီလဝါနာမ ဂန္ဓဟ ထ္တိရာဇာသဗ္ဗေသံ ဂန္ဓဟတ္ထီနံ အညေသဥ္စ ပတိဟတ္ထီနံ ဇာတီနံ ဥတ္တမ ရိယာမိပစ္စံ ရဇ္ဇံကာရေသိ’ ဟု ဆိုသည်။ ထိုဂန္ဓဆင်၏ အဆင်းသည်ကား အဖြူ, အညို, အရွှေ, အနီ, အနက် ရှိသည်ဖြစ်၍၊ ဂင်္ဂေယျဆင်မျိုးကဲ့သို့ ၅ ပါး အပြားရှိ၏။ ‘ယံ ဒသန္နံ ပိင်္ဂလာနံ၊ တံဧကေဿ ဂန္ဓေဿ’ ဟု အဋ္ဌကထာ၌ ဆိုသောကြောင့် ပိင်္ဂလဆင် ၁၀ စီး၊ တမ္ဗဆင် ၁၀၀၊ ပဏ္ဍရဆင် ၁၀၀၀၊ ဂင်္ဂေယျ ဆင် ၁သောင်း၊ ကာလာဝကဆင် ၁သိန်း၊ ယောကျ်ား ၁သန်းတို့၏ အားကို ဆောင်နိုင်၏။ ထမင်းရည်နှင့် တူသောမုန် ရှိ၏။ ဥဿဖယားနှင့် တူသော မျက်စိ ရှိ၏။

၇ - ‘မင်္ဂလာဆင်’ ဆိုသည်မှာ ‘မင်္ဂတိ သောဘဏံ ဂစ္ဆတီတိ မင်္ဂလော’ ဟူသော အဘိဓာန်ဋီကာနှင့်အညီ တင့်တယ်သောအသွားအလာ ရှိခြင်းကြောင့် ‘မင်္ဂလာဆင်’ မည်၏။ အဖြူ, အညိုအစရှိသောအားဖြင့် ၅ ပါး အပြားရှိ၏။ (အချို့သော လောကီကျမ်းတို့၌ လျှပ်စစ်နွယ်နှင့် တူသောအဆင်း ရှိသည်ဟု ဆိုကုန်သည်။) ‘ယံ ဒသန္နံ ဂန္ဓဟ ထ္တီနံ၊ တံဧကေဿ မင်္ဂလဿ’ ဟု လာသောကြောင့် ဂန္ဓဆင် ၁၀ စီး၊ ပိင်္ဂေလ ဆင် ၁၀၀၊ တမ္ဗဆင် ၁၀၀၀၊ ပဏ္ဍရဆင် ၁သောင်း၊ ဂင်္ဂေယျဆင် ၁သိန်း၊ ကာလာဝကဆင် ၁သန်း၊ ယောကျ်ား ၁ကုဋေတို့၏အားကို ဆောင်နိုင်၏။ သစ် မည်စည်အဆီနှင့် တူသောမုန် ရှိ၏။ နီလဂန္ဓိနှင့် တူသောမျက်စိလည်း ရှိ၏။

၈ - ‘ဟေမထင်ဆင်’ ဆိုသည်မှာ ‘ဟေမဿဝဏ္ဏော ဝိယ ဝဏ္ဏော ယဿာတိ ဟေမာ’ ဟူသော အဘိဓာန်ဋီကာနှင့်အညီ ရွှေအဆင်းနှင့် တူသောအရောင်အဆင်း ရှိခြင်းကြောင့် ‘ဟေမဆင်’ မည်၏။ ‘ယံဒသန္နံ မင်္ဂလာနံ၊ တံဧကေဿ


mgyoe.com

mgyoe.com
SAMPLE BOOK

ဟေမဝတာသ’ ဟု အဋ္ဌက ထာလာသောကြောင့် အင်္ဂလဆင် ၁၀စီး၊ ဂန္ဓဆင် ၁၀၀၊ ပိင်္ဂလဆင် ၁၀၀၀၊ တမ္ဗဆင် ၁သောင်း၊ ပဏ္ဍရဆင် ၁သိန်း၊ ဂင်္ဂေယျဆင် ၁သိန်း၊ ကာလာဝကဆင် ၁ကုဋေ၊ ယောကျ်ားကုဋေ၁ဝတို့၏အားကို ဆောင်နိုင်၏။ စကားပွင့်အဆင်းနှင့် တူသောမုန် ရှိ၏။ ဂေါမုတ်နှင့် တူသောမျက်စိ ရှိ၏။

၉ - ‘ဥပေါသထဆင်’ ဆိုသည်မှာ ‘ဥပေါသထေ ဇာတော ဥပေါသထော’ ဟူသော အဘိဓာန်ဋီကာနှင့်အညီ ဥပေါသထဆင်မျိုး၌ ဖြစ်တတ်သောကြောင့် လည်းကောင်း၊ ‘ဥပဂန္တွာ အရယော ဥဿတိဒါယောတီတိ ဥပေါသထော’ ဟူသော အဘိဓာန်ဋီကာနှင့်အညီ ရန်သူတို့သို့ ကပ်၍ ပူပန်စေတတ်သောကြောင့် လည်းကောင်း၊ ‘ဥဝဂန္တွာ ဝသိတဗ္ဗောတိ ဥပေါသထော’ ဟူသော အဘိဓာန်ဋီကာနှင့်အညီ ကပ်၍ စီးနင်းအပ်သောကြောင့် လည်းကောင်း ‘ဥပေါသထ’ မည်၏။ ထို ဥပေါသထဆင်သည် တန့် ထကြပ်ကြပ် ရပ်၍နေစဉ်၊ အစွယ်, အမြီး, နှာမောင်း, အခြေ ၄ ဖက်ဟု ဆို အပ်သော ၇ပါးသော အစိတ်တို့ဖြင့် မြေသို့ ထိလျက်ထည်သောကြောင့် ‘သတ္တပတိဋ္ဌိတ’ လက္ခဏာနှင့် ပြည့်စုံ၏။

ထို့ကြောင့် သုတ်မဟာဝါဋီကာ၌-

‘သတ္တပတိဋ္ဌိတောတိ ဘူမိဖုသနကေဟိ ဒန္တာဝါလမိဟတ္ထော တိက္ကမေ ဟိတီဟိ ပါဒေဟိစာတိ သတ္တဟိ အဝယဝေဟိ ပတိဋ္ဌိတတ္တာ သတ္တပတိဋ္ဌိတော’ ဟူ၍လာသည်။

ဟိမဝန္တတောဝယ် ရွှေဖြင့်ပြီးသော သုဝဏ္ဏပဗ္ဗတတောင်၏နံပါး မဟာလေ့ကားတော၌ နေ၏။ ရွှေသောအဆင်းရှိသော ဆင်တို့၏ အကြီးအမှူးဖြစ်သောကြောင့် စကြာမင်းတို့သာ စီခြင်းငှာ ထိုက်၏။ အဆင်းအားဖြင့် ရွှေအဆင်းကဲ့သို့ ရှိ၏။ ထို့ကြောင့် လောကပညတ္တိကျမ်း, ဆဂတိဒီပနီကျမ်းတို့၌-

‘အယံ သုဝဏ္ဏပဗ္ဗတပဿေ ကဏိကာရဝနေ သုဝဏ္ဏ ဝဏ္ဏ ဥပေါသထောနာမ နာဂရာဇာ စက္ကဝတ္တိဝါဟနယောဂ္ဂါ ဗဟူနံ ဟရိတဝဏ္ဏာနံ ဣဿရိယာဓိပစ္စံ ရဇ္ဇံကာရေသိ။’ ဟူ၍ လာသည်။


mgyoe.com

mgyoe.com SAMPLE BOOK

မဟာသုဒဿနသုတ် အဋ္ဌကထာ၌လည်း- 'ဆဒ္ဒန္တကုလံ၀ါ ဥပေါသထကုလံ၀ါ တံသဏ္ဌာရ၀ိသေသံ အနုဘ၀ိတုကာ မော တရုဏာရ၀ိမဏ္ဍလာဘိရတ္တစရဏဇီဝှါမုခပ္ပဋ္ဌိ မဏ္ဍိတ၀ိသုဒ္ဓသေတသရီရော။' ဟူ၍ လာသည်။

ဆဒ္ဒန်အမျိုး၌ဖြစ်သော ဆင်သည် လည်းကောင်း, ဥပေါသထအမျိုး၌ဖြစ်သော ဆင်သည် လည်းကောင်း ပူဇော်အထူးကိုခံခြင်းငှာ ထိုက်သည်ဖြစ်၍ နုသောနေ၀န်းနှင့်တူသော အလွန်နီသော ခြေ, လျှာ, ခံတွင်းတို့ဖြင့် တန်ဆာဆင်အပ်သော အထူးသဖြင့် စင်ကြယ်သောဖြူသောကိုယ် ရှိကြောင်းကို ဆိုသည်။

'ယံဒသန္နံ ဟေမ၀တာနံ၊ တံဧကဿ ဥပေါသထဿ' ဟု လာသောကြောင့် ဟေမဆင် ၁၀ စီး၊ မင်္ဂလဆင် ၁၀၀၊ ဂန္ဓဆင် ၁၀၀၀၊ ၀ိင်္ဂလဆင် ၁သောင်း၊ တမ္ဗဆင် ၁သိန်း၊ ပဏ္ဍရဆင် ၁သန်း၊ ဂင်္ဂေယျဆင် ၁ကုဋေ၊ ကာလာ၀ကဆင် ကုဋေ ၁၀၊ ယောကျ်ားကုဋေ ၁၀၀ တို့၏အားကို ဆောင်နိုင်၏။ နို့သစ်အဆင်းနှင့် တူသောမုန် ရှိ၏။ ပုလဲအဆင်းနှင့် တူသောမျက်စိ ရှိ၏။

၁၀ – 'ဆဒ္ဒန်ဆင်' ဆိုသည်မှာ 'ဆဗ္ဗဏ္ဏာ ဒန္တာ ယဿာတိ ဆဒ္ဒန္တော' ဟူသော အဘိဓာန်ဋီကာနှင့်အညီ ညိုသောအရောင်, ရွှေသောအရောင်, နီသောအရောင်, ဖြူသောအရောင်, မောင်းသောအရောင်, ပြိုးပြိုးပြက်သောအရောင်အားဖြင့် အရောင် ၆ ပါး ထွက်သော အစွယ်ရှိသောကြောင့် 'ဆဒ္ဒန်' မည်၏။ လောကီကျမ်းတို့၌ကား သန္တာအရောင်, ပုလဲအရောင်, ပျားရည်အရောင်, ဆီကြက်ဥအရောင်, ပြိုးပြိုးပြက်သောအရောင်ရှိကြောင်းကို ဆိုသည်။

ဥပေါသထဆင်ကဲ့သို့ ထိခြင်း ၇ ပါးနှင့် ပြည့် စုံ၏။ ငွေတောင်သဖွယ် တင့်တယ်စွာ ဖြူသောအရောင် ရှိ၏။ ဟိမ၀န္တာတောဝယ် ရွှေဖြင့်ပြီးသော သု၀ဏ္ဏပဗ္ဗ ၁၀၀၀ ၏အနီး 'သုပတိဋ္ဌိတမည်သော ပညောင်ပင်ရင်း၌ လည်းကောင်း၊ 'မန္ဒာကိနီ' မည်သော အိုင်၏အနောက်အဖို့ 'သုဒဿန' မည်သော အင်ကြင်းပင်ရင်း၌ လည်းကောင်း၊ ၄င်းအိုင်၏ အရှေ့တောင်ထောင့် 'နန္ဒ' မည်


mgyoe.com

mgyoe.com SAMPLE BOOK

သောဂူ၌ လည်းကောင်း နေလျက်၊ ဆင်ဖြူ၊ ဆင်နီ၊ ဆင်ညို၊ ဆင်ရွှေ၊ ဆင်နက် အားဖြင့် ၅ ပါးသောဆင်တို့၏အကြီးအကဲ' ဖြစ်ကြောင်းကို လောကပညတ္တိကျမ်း၊ ဆကတိဒီပနီ အစရှိသောကျမ်းတို့၌ လာသည်။

ဆဒ္ဒန်ဇာတ်အဋ္ဌကထာ အစရှိသော ကျမ်းတို့၌ကား ဆဒ္ဒန်အိုင်၏ အရှေ့မြောက်ထောင့် ပညောင်ပင်ရင်း၌လည်းကောင်း၊ ထိုအိုင်၏အနောက်စူးစူး ရွှေတောင်ကြီး၌ရှိသော ရွှေဂူ၌ လည်းကောင်း နေကြောင်းကို ဆိုသည်။

ထိုဆဒ္ဒန်ဆင်မင်းသည်ကား ဆင်ပေါင်း ၈၀၀၀ အခြံအရံရှိ၏။ အလိုရှိ တိုင်းသောအသွင်အပြင်ကို ဖန်ဆင်းနိုင်၏။ တစ်ရံရောအခါ အရှင်မောဂ္ဂလာန်သည် အရှင်သာရိပုတ္တရာ လေနာ ထတော်မူ၍ ကြာစွယ်ကြာရင်းကိုအလိုရှိသောကြောင့် ထိုအရပ်သို့ ကြွတော်မူရာ၊ 'ရုစာဂီရိ' အမည်ရှိသော ဆဒ္ဒန်ဆင်၏မာန်ကို နှိမ်နင်းတော်မူလိုသည်ဖြစ်၍ ကိုယ်အခြံအရံတို့ကို ၂ဆတက်ဖန်ဆင်းတော်ပြီးလျှင် ရှေ့၌ ရပ်၍ပြတော်မူသောအခါ၊ ဆင်မင်းသည် ထိတ်လန့်သည်ကို သိမှ ပကတိ နေတော်မူသောအခါ ဆင်မင်းလည်း အရှင်မောဂ္ဂလာန်မှန်း သိသဖြင့် ဝတ်စား တန်ဆာဆင်ယင်၍ လူယောင်ဖန်ဆင်းလျက် လက်အုပ်ချီပြီးသော်၊ အလိုတော်ကို သိ၍ ကြာစွယ်၊ ကြာရင်းတို့ကို ကပ်လှူလိုက်ကြောင်း။ အလိုရှိတိုင်း အသွင်အပြင် ကို ဖန်ဆင်းနိုင်ကြောင်းကို လောကပညတ္တိကျမ်း၌ ဆိုသည်။

ထိုဆဒ္ဒန်ဆင်မျိုးတို့သည်ကား စကြာမင်းတို့သာ စီးနင်းထိုက်၏။

'ယံဒသန္နံ ဥပေါသထာနံ၊ တံကေဿ ဆဒ္ဒန္တဿ' ဟု လာသောကြောင့် ဥပေါသထဆင် ၁၀ စီး၊ ဟေမဝတဆင် ၁၀၀၊ မင်္ဂလဆင် ၁၀၀၀၊ ဂန္ဓဆင် ၁သောင်း၊ ပိင်္ဂလဆင် ၁သိန်း၊ တမ္ဗဆင် ၁သန်း၊ ပဏ္ဍရဆင် ၁ကုဋေ၊ ဂင်္ဂေယျဆင် ကုဋေ၁၀၊ ကာလာဝကဆင် ကုဋေ ၁၀၀၊ ယောကျ်ားကုဋေ ၁၀၀၀အားကို ဆောင်နိုင်၏။

နံ့သာရည်နှင့် တူသောမုန် ရှိ၏။ ပတ္တမြားနှင့် တူသောမျက်စိ ရှိ၏။

ထိုဆယ်ပါးသောဆင်တို့တွင် ဥပေါသထဆင်၊ ဆဒ္ဒန်ဆင် ၂ စီးကို စကြာမင်းတို့ စီးနင်းထိုက်သည်ဆိုရာမှာ ယေဘုယျမျှသာဆိုခြင်း ဖြစ်ပါသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ဝေဿန္တရာမင်း၊ ဒုဋ္ဌဂါမဏိမင်းတို့ သွားသည့်နေ့၌ ဆဒ္ဒန်ဆင်ရတနာ ကိုပင် ထိုမင်းတို့ စီးနင်းသုံးဆောင်ရဖူးသည်ကို ကျမ်းဂန်၌ ထင်ရှားစွာရှိသည်။ ဤသို့ အရပ်ရပ်လာသော ကျမ်းဂန်များကို ထောက်ထားနှိုင်းစာ၍

"လက္ခဏာကြန်အင်ကို ဆင်ခြင်ကြည့်ရှုသော် ယခု မင်းတရားကြီး ဘုန်တော်အဟုန်ကြောင့် မိုင်းလုံမြို့မှ ဆက်သလာသောဆင်ရတနာသည် မင်္ဂလာရှိသော ဆဒ္ဒန်ဆင်မျိုးအဝင် ဆင်ထူးဆင်မြတ် ဖြစ်ပါကြောင်း ရွှေဖဝါးတော် မြတ်အောက် ရှိခိုး သံတော်ဦးတင်ဝံ့ပါ ဘုရား" ဟု အမတ်ကြီး ဦးပေါ်ဦးက တင်လျှောင် ဘဝရှင်ဘိုးတော် မင်းတရားသည်များစွာ ချီးမွမ်းတော်မူပြီးလျှင် ရွှေစင် အချိန် ၃ ပိဿာနှင့် ကမ္ဗလာခင်းနီးကို ဆုပေးသနားတော် မူလိုက်လေသတည်း။

❖ ❖ ❖



mgyoe.com

mgyoe.com SAMPLE BOOK

## ၁၁ - အမတ်ကြီးဦးပေါ်ဦးကို ဘိုးတော်မင်းတရားကြီးက 'သဗ္ဗြိုဟ်ကျမ်းကို ရေးသားပုံသေချာကြောင်း' မိန့်တော်မူရာ၊ 'သေချာလျှင် နမြော*တတ်ပါသည်' ဟု တင်သောအကြောင်း

အမူရပူရမြို့တည်နန်းတည် အပြည်ပြည်သောမင်းတို့ ဝပ်စင်းပြီးကာ သမီးကညာ ရတနာရွှေပန်းတို့ဖြင့် ဆက်လှမ်းပူဇော်ခြင်းကို ခံတော်မူရသော ဆဒ္ဒန် ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးသည် တစ်ကိုယ်တည်း စံတော်မူရာ-

၁ - သတ္တဝါအပေါင်းတို့၏ ကျဉ်းမြောင်း ကျဉ်းကျပ်စွာ ခန္ဓာ, အာယတန, ဓာတ်တို့၏ မပြတ်မစဲ အသဲသဲဖြစ်ရခြင်း တည်းဟူသော သံသရာစက် ရဟတ်ဝယ် 'အထပ်ထပ် ပဋိသန္ဓေနေရခြင်း' တည်းဟူသော ဇာတိဒုက္ခ။

၂ - အဖန်တလဲလဲယိုယွင်းလျက် 'အိုမင်းရခြင်း' တည်းဟူသော ဇရာဒုက္ခ။

၃ - အဖန်တလဲလဲ အမြဲအစဉ် 'နာကျင်ခံစားရခြင်း' တည်းဟူသော ဗျာဓိဒုက္ခ။

---

* စုံမက်သည်။ မြတ်နိုးအလေးထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၄ - အဖန်တလဲလဲ အမြဲမနေ 'သေရခြင်း' တည်းဟူသော မရဏဒုက္ခ။

ယင်းသို့စသော ဒုက္ခတို့နှင့် မုချ မကင်းနိုင်ကြသည်ချည်းပင် ဖြစ်သည်။ ဤသို့ မလွတ်ကင်းနိုင်ခြင်း၏အရင်းမူလ သဘာဝကိုရှာလျှင် တဏှာလောဘ တည်းဟူသော သမုဒယပင် ဖြစ်သည်။ ထိုသမုဒယ၏နိုင်ငံ ကျယ်ဝန်းဟန်ကို ပြန်လှန်စဉ်းစားလျှင် ဘုံအားဖြင့် နေဝသညာ နာသညာယတန၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင် ယူဆောင်ပို့ဖွမ်းသောသတ္တိ ရှိ၏။ ဤ 'လောဘ' ဟူသော အမုဒယသစ္စာကို အရင်းထားလျက်-

၁ - သူတစ်ပါးအသက်ကို သတ်ခြင်း ဟူသော ပါဏာတိပါတ။

၂ - သူတစ်ပါးဥစ္စာကို ခိုးယူခြင်းဟူသော အဒိန္နာဒါန်။

၃ - သူတစ်ပါးသားမယားတို့၌ ပျော်ပါးရွှင်မြူး လွန်ကျူး၍ကျင့်ခြင်း ဟူသော ကာမေသုမိစ္ဆာစာရ။ ။

## ကာယဒုစရိုက် ၃ ပါး။

၄ - မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသောစကားကို ပြောကြားလှည့်ပတ်ခြင်း ဟူသော မုသာဝါဒ။

၅ - ၂ ဦးသားတို့ ကွဲပြားရှုံမုန်းလေအောင် ကြံဆောင်ကုန်းတိုက်ခြင်း ဟူသော ပိသုဏာဝါစာ။

၆ - ပညာရှိအား နားနှင့်မတန် မခံသာ ကြမ်းတမ်းစွာသောစကားကို ပြောကြားခြင်း ဟူသော ဖရုသဝါစာ။

၇- ပြိန်ဖျင်းသောစကားကို ပြောဆိုခြင်းဟူသော သမ္ဖပ္ပလာပ။ ။

## ဝစီဒုစရိုက် ၄ ပါး။

၈ - သူတစ်ပါး ဥစ္စာကို မိမိဥစ္စာ ဖြစ်ပါစေဟု ရှေးရှုကြံခြင်း ဟူသော အဘိဇ္ဈာ။

၉ - သူတစ်ပါးစည်းစိမ်ကို ပြုစုမာန်လို ဝန်တိုစောင်းမြောင်းခြင်း ဟူသော ဗျာပါဒ။



mgyoe.com

mgyoe.com SAMPLE BOOK

၁၀ - မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်းသောအယူကို ယူခြင်း ဟု ဆိုအပ်သော မိစ္ဆာဒိဋ္ဌိ။ ။

## မနောဒုစရိုက် ၃ ပါး။

ဤ အကုသလ ကမ္မပထတရား ၁၀ ပါးတို့ကို မိုက်မှားပြုကျင့်ရခြင်း သည် အရင်းမူလမှာ လောဘပင်ဖြစ်သည်။ 'ရူပ, သဒ္ဒ' စသည့် အာရုံကာမဂုဏ် တို့၌ ခုံမင်လိုရှိ ကပ်ငြိစွဲလမ်းခြင်း၊ ယင်းသို့စသော အကုသိုလ်ပါပ ဓမ္မအပေါင်း မကောင်းသောအမှု ပြုကျင့်ချွတ်လွဲသဖြင့် 'ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်' အပါယ် ၄ပါးဟူသော ဝဋ္ဋဒုက္ခအလုံးစုံတို့နှင့် တွေ့ကြုံခံစားရလျက် ဘဝများစွာ သံသရာစက်ရဟတ်၌ မပြတ်ကျင်လည်ကြရကုန်သည်။

ဤဒုက္ခဝဋ္ဋအတွင်းမှ လွတ်ကင်းရန်အချက်မှာ 'သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာ ပဟာနာယ သောတာပန္နောနာမ ဟောတိ' ဟူ၍လည်းကောင်း၊ 'တိဏ္ဏံသံယော ဇနာနံ ပရိက္ခယာယ နိယတော မဝိနိပါတဓ မ္မော သမ္ဗောဓိပရာယနော။' ဟူ၍လည်းကောင်း လာသောကြောင့် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်ခွာနိုင်မှ ဝဋ္ဋဒုက္ခခပ်သိမ်း ကင်းငြိမ်းလွတ်ကွာနိုင်မည်။ သက္ကာယကွာနိုင်ရန် အလုပ်မှာလည်း 'နာမ်, ရုပ်ကို သိမ်းဆည်းခြင်း' ဟူသော နာမရူပပရိစ္ဆေဒဉာဏ် ရင့်သန်စူးရှနိုင်မှ ဖြစ်သည်။ နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်ထက်မြက်ခြင်း ဆိုသည်မှာလည်း 'စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်' ၄ တန်သော ပရမတ္ထတရား တို့ကို၊ 'ခန္ဓာအာယ တန, ဓာတ်, သစ္စာ, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင်' စသည့်များကို ပိုင်းခြား ဝေဖန်နိုင်မှဖြစ်သည်။ ယင်းသို့ ဝေဖန်နိုင်ရန် ဆိုသည်မှာလည်း သင်္ဂြိုဟ်၏ သရုပ်သဘော ဓာတ်ဝီထိကို ကျေပွန်မှ ဖြစ်သည်။

ဤကဲ့သို့ စဉ်းစားဆင်ခြင်တော်မူမိသဖြင့် 'အဘိဓမ္မတ္ထသင်္ဂဟ' မည်သော သင်္ဂြိုဟ်ပါဠိ' ကို ရှုကြည့်တော်မူရာ ဂါထာ, စုဏ္ဏိယဝါကျ ထင်လင်း အကျဉ်း မှတ်နိုင်ရုံ အာဂုံလည်းဆောင်လွယ်။ ဘယ်နေရာမလပ် စေ့စပ်သေချာ သဖြင့် အလွန်တရာကောင်းသောကျမ်းငယ် ဖြစ်ပေသည်။



mgyoe.com

mgyoe.com'ကျမ်းပြုပုဂ္ဂိုလ် သီဟိုဠ် ရှင်အနုရုဒ္ဓါဆရာသည် ခုအခါများ ရှိခဲ့မူ ငါ၏ ဆရာရင်းပင် ဖြစ်မည်' ဟု ကြံ့စည်ပြီးလျှင်၊ နံနက်ညီလာသဘင် နိဝင်စံမြန်းတော်မူလေ၏။

ညီလာခံပရိသတ် မှူးမတ်တို့စုံသောကာလ ဘဝရှင်ဘိုးတော် မင်းတရားက မိန့်ကြားတော်မူသည်မှာ-

"ပေါ်ဦး။ အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းပြု ရှင်အနုရုဒ္ဓါမထေရ်မြတ်သည် အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ပြုစုတော်မူသည်မှာ အလွန်တရာသေသပ်၍ စေ့စပ် တော်မူပေသည်။ အကယ်၍ ထိုပုဂ္ဂိုလ်သည် ကိုယ်တော်မြတ်ရွှေလက်ထက်တော်၌ ဖြစ်ဘိ၍ မိမိဘာသာ လူထွက်၍လာပါလျှင် ကောင်းစွာထင်ရှား ရွှေတိုက်စိုး အရာ၌ ထား၍ မြှောက်စားချီးပင့်ပါ၏" ဟု များစွာကြည်ဖြူ သဒ္ဓါတော်မူသော စိတ်ထားနှင့် မင်းတရားကြီးဘုရား မိန့်ကြားတော်မူလေသော်၊ ဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ-"မှန်လှပါ။ ဘုန်းတော်ကြောင့် လောကတွင် ဘယ်ပုဂ္ဂိုလ် ဟူ၍ မဆိုသာ 'သေချာစေ့စပ်လျှင် နှမြောတတ်သောသူချည်း' များပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင် ဝံ့ပါသည်ဘုရား" ဟု လျှောက်ထား သံတော်ဦးတင်လေလျှင်၊ ဘဝရှင်ဘိုးတော် မင်းတရားက "ပေါ်ဦးတို့များ သူတစ်ပါး အပြစ်တင်ရမည်ဆိုလျှင် ဘယ်ပုဂ္ဂိုလ်မျှ ဆရားစား မချန်ဘူး"ဟု မိန့်တော်မူလေသတည်း။ ။

❖ ❖ ❖


mgyoe.com

mgyoe.com SAMPLE BOOK

## ၁၂ - မင်းအိုဆရာတော်ဘုရားကြီး ပျံလွန်တော်မူရာ၊ အမတ်ကြီး ဦးပေါ်ဦးအား မင်းတရားကြီးက စက်လုပ်ခိုင်းတော်မူသောအကြောင်း

အမရပူရ ပထမမြို့နန်းကို ဖန်ဆင်းတည်ထောင် ဘုန်းရောင်လွှမ်းမိုး အာဏာဖြိုးသော ဘိုးတော် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီး လက်ထက်တော်အခါ၊ ဝိနယဓရ, ပရိယတ္တိ ဝိသာရဒ, သိက္ခာကာမ ဖြစ်တော်မူ၍ 'ဂုဏာဘိအနန္တဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု' သွန်းပြုခတ်နှိပ် တံဆိပ်မင်းစံ အလှူတော်ခံရသော မင်းအိုဆရာတော်ဘုရားသည် 'ပျက်စီးဆုံးရှုံးခြင်း' ဟူသော အနိစ္စဓမ္မ သဏ္ဌါရသဘော ဖြစ်တော်မူသဖြင့်၊ ရှေးရှုအပ်သော ဝိပဿနာတရားကို အားထားနှလုံး ပြုတော်မူ၍ စုတိကမ္မဇရုပ် ဆုံးချုပ်ကွယ်လွန်တော်မူရာ ညီလာခံသဘင်တွင် ဘဝရှင်ဘိုးတော်မင်းတရားကြီး အမိန့်တော်ရှိသည်ကား-

''ပရိယတ္တိ ဝိသာရဒ, ဓမ္မမာမက, သိက္ခာကာမ, လဇ္ဇီ, ပေသလဂုဏ်နှင့် ပြည်စုံတော်မူသော မင်းအို ဆရာတော်ကြီးသည် ပျက်စီးကွယ်လွန်တော်မူချေပြီ။ ထိုဆရာကြီးသည်- ဘုရားမြတ်စွာ သာသနာတော်၏ အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူခြင်း။ စာသင်ပို့နုသော တဇနအပေါင်း ရာထောင်သောင်း



mgyoe.com

mgyoe.com SAMPLE BOOK

မကအောင် ပို့ချသင် ကြားတော်မူခဲ့ခြင်း။ ယင်းသို့ စသော သာသနဟိတ ဝုဓဝိရူဠှ ကျေးဇူးဥပကာရ ကြီးပေသည်။ 'သစ်တစ်ပင်ကောင်းက ငှက် ၁ သောင်း မှီခိုရသည်' ဟူဘိ၏သို့ ဦးမဲ, ဦးဖြူ, ရှင်, လူတဝေးတို့၏ ကျေးဇူးရှင်အစစ် ဖြစ်ကြီးဖြစ်လျက် ဘဝသစ်ပြောင်းတော်မူသည်မှာ ရတနာစိုင် ရွှေတန်ဆောင်ကြီး သည် ယိမ်းယိုင်ပြိုလဲသည့်အသွင် အလွန်ပင် ငါကိုယ်တော်မြတ် အားငယ်တော် မူသည်။ ဤသို့ထင်ထင် ကျေးဇူးရှင်ဖြစ်သည့်အလျောက် ချီးမြှောက်ထိုက်သော ဝတ္တရား ရှိသည့်အလိုက် အားစိုက် သင်္ဂြိုဟ်ကြရမည်။ မင်းမိဖုရား, သားတော်, သမီးတော်, မှူးမတ်, မတ်တော် တို့မှာ လျော်ရာလျော်ရာ သဒ္ဒါခွန်အားအတိုင်း ပြာသာဒ်, တလား, ရထား, သန်လျင်း ပွဲသဘင်ကျင်းပြီးလျှင်၊ စည်ကြီး, ခရာ တူရိယာနှင့် ပတ်သာ ဒုံမင်း, ခရုသင်း, နှဲ, ပြွေ အထွေထွေသောတီ မျိုး, မှုတ်မျိုး၊ ကြိုးတန်းလျှောက်ပွဲ, ကျွမ်းပွဲ, ခြင်းပွဲ, မီးပွဲ စသည့် အတည်တည် အရပ်ရပ်တို့ကို မလစ်ဟင်းရအောင်ပြု၍ သာခုကီဠနသဘင်* ဆင်ယင်ကျင်းပ ကြရမည်'' ဟူ၍ အမိန့် ရှိတော်မူ၏။

ထိုအခါ ဝန်ကြီး, အတွင်းဝန်စသော မှူးတော် မတ်တော်တို့သည် လျော်ရာ လျော်ရာတွဲဖက်ပြီး အသီးသီးအရပ်ရပ် ပြာသာဒ်, တလား စသည်များကို အားထား ပြုလုပ်ကြရကုန်၏။ မိဖုရားကြီးနှင့်တကွ သားတော်သမီးတော်, ဆွေတော်, မျိုးတော် အပေါင်းတို့မှာလည်း သောင်းသောင်းအုတ်အာ ညီညာဖျဖျ ဒုံး, မီးပျံ, မီးပုံး စသော မီးအမျိုးမျိုး, စက်အမျိုးမျိုးတို့ကို အားကြိုးမာန်တက် သူ့ထက်ငါ သာလွန်စွာ အားထုတ်ကြကုန်သတတ်။

ထိုအခါ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်မင်းတရားကြီးဘုရားလည်း မီးပုံး, မီးပျံများကို မိဖုရားကြီးတို့ အသီးသီးပြုလုပ်ကြကြောင်းကို ကြားသိတော်မူ၍၊ ကြည်ဖြူရွှင်လန်းသော စေတနာအထူးဖြင့် ဦးပေါ်ဦးသို့ အမိန့်တော်ရှိသည်မှာ-

''ပေါ်ဦး။ ယခု မင်းအိုဆရာတော်ဘုရားကြီး ပျံလွန်တော်မူသော ဈာပနကိစ္စ သာခုကီဠနသဘင်တွင် ဆင်ယင်ကျင်းပရန် အားထားလျက် မိဖုရားကြီး

---

* ဘုန်းကြီးပျံပွဲ။

mgyoe.com

mgyoe.com SAMPLE BOOK

နှင့်တကွ နန်းသုံနန်းသားအပေါင်းတို့သည် သောင်းသောင်းဖြိမ့်ညံ မီးပုံ့မီးစက် ရှု့နှက် ပူဇော်ရန် စီမံပြုလုပ်ကြသည်။ ကိုယ်တော်အရှင်မြတ်ကလည်း မိဖုရားကြီး များကဲ့သို့ပင် စီရင်အားထားလျက် မိဖုရားကြီးများနှင့်ပြိုင်ဆိုင်၍ နိုင်အောင်ရှို့ လွှတ်ရန် မီးပုံ့စက်တစ်ခုကို ပြုလုပ်တော်မူလိုသည်။ ထိုစက်မျိုးကို အချိုးအစား နှင့်တကွ နေရာတကျတက်အောင် ကြံဆောင်စီရင်နိုင်ပါမည်လော။ သို့တည်း မဟုတ် ကောင်းမွန်စွာမလုပ်နိုင်လျှင်လည်း မလုပ်နိုင်ကြောင်း။ ၄င်း မီးပုံ့, မီးစက် အကယ်၍မတက်ခဲ့လျှင် အရှက်တော်ကွဲ ဗိုလ်ပုံထဲတွင် ရယ်ပွဲဖွဲ့တော်မူရန် ဖြစ်မည် အရေးကို မြော်တွေးထောက်ထား၍ လျှောက်ကြားသံတော်ဦး တင်ရမည်' ဟု မိန့်တော်မြွက်မှတ်တော်မူ၏။

ထိုအခါ အမတ်ကြီးဦးပေါ်ဦးက သံတော်ဦးတင်သည်မှာ-

"ဘုန်းတော်ကြောင့် ဘုရားကျွန် ဝန်ပေါ်ဦးသည် စိတ်ကူးဖြင့် ကြံဖန်၍ မီးပုံ့စက်ကို တက်အောင် ပြုလုပ်နိုင်ပါကြောင်း ရွှေဖဝါးတော်မြတ်အောက် ရှိခိုးသံတော်ဦးတင် ဝံ့ပါသည်ဘုရား" ဟုတင်လျှင်၊ ဘဝရှင်မင်းတရားကြီးလည်း အားရနှစ်သက်၍

"မောင်မင်း တက်အောင် ကြံဆောင်ပြုလုပ်နိုင်က အပြိုင်လွှတ်ရန် မီးစက်ကို ခုချက်ချင်းအမြန် စီမံရမည်" ဟု အမိန့်တော်မှတ်ရာ၊ အတွင်းဝန် အမတ်ကြီး ဦးပေါ်ဦးသည် စိတ်ကူးဖြင့် ကြံဖန်၍ မီးပုံ့စက်ကို လုပ်ဆောင်စီမံသဖြင့် အမြန် ပြီးစီးလေ၏။

ထိုအခါ မင်းအိုဆရာတော်ကြီးဈာပနကိစ္စ ကျင်းပရန်ရက်နေ့သို့ တိုင် ရောက်သောအခါ ဘဝရှင်ဘိုးတော်မင်းတရားကြီးသည် မိဖုရားကြီးနှင့်တကွ ထွက်တော်မူ၍ တည်းနန်းတော်၌ စံတော်မူမိလျှင် မိဖုရားကြီးနှင့်တကွ အသီးသီး စီရင်ကြသော စက်အပေါင်းတို့ကို ကောင်းကင်သို့ ရှို့လွှတ်ကြလျှင် အလွန်ပင် တက်ကြလေ၏။

ထိုအခါ ဘဝရှင်ဘိုးတော်မင်းတရားကြီးက-


mgyoe.com